မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၇၈)

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး

အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

ဝေဖန်ဆွေးနွေး

အစည်းအဝေးတွင် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရဓဇ ဆရာတော်ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရ ဆရာတော်ကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ဆရာတော်ကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ဆွေးနွေးဆုံးဖြတ်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများက ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ၊ သာသနာရေးရာများကို လျှောက်ထားကြရာ လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးက ချန်လှပ်ခဲ့သော ဝိနိစ္ဆယရေးရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ပွဲဦးထွက်ပွဲစဉ်အဖြစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇူလိုင် ၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အသင်းခေါင်းဆောင်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများသည် အမှတ်(၁) နေပြည်တော် အားကစားကွင်းအတွင်း နေရာယူကြပြီး မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌအား အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကား ပြောကြားရာတွင် ယခုပြိုင်ပွဲကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ အမျိုးသားကျန်းမာကြံ့ခိုင်ရေး (National Fitness)အတွက် အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် ဖြစ်စေရေး၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် မိမိတို့တာဝန်များကို ပိုမိုထမ်းဆောင်နိုင်စေရေးဟူသည့် ရည်ရွယ်ချက်(၃)ရပ်ဖြင့် ကျင်းပခြင်း ဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၁၀ ရက်)

မြန်မာတို့၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းမြင့်မားမှု အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖြင့် ဖော်ဆောင်

မြန်မာနိုင်ငံ၌ လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကျင်းပရန် အချိန်ကာလအားဖြင့် ၂၈ လကျော်သာလိုတော့သည်။ ပြိုင်ပွဲဝင်ရန် အားကစားအဖွဲ့ချုပ်များက အားကစားသမားများကို လေ့ကျင့်ပြင်ဆင်ပေးလျက်ရှိနေပြီ။

အဆိုပါ အားကစားပြိုင်ပွဲကြီးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှုဦးဆောင်ကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (MICC)အစည်းအဝေးခန်းမ၌ ဇူလိုင်လ ၈ ရက်နေ့က ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အားကစားကွင်း၊ အားကစားရုံများနှင့် အားကစားရွာတို့တွင် ပါဝင်မည့်အဆောက်အအုံများခိုင်ခံ့သပ်ရပ်စွာသတ်မှတ်ချိန်အတွင်း ပြီးစီးရန်၊ လိုအပ်သောနိုင်ငံတကာအဆင့်မီ ပြိုင်ပွဲသုံးအားကစားအထောက်အကူပစ္စည်းများ အချိန်မီတပ်ဆင်ပြီးစီးနိုင်ရန်နှင့် နေပြည်တော်တစ်ခုလုံး အဆင့်အတန်းမြင့်မားသည့် မြို့တော်ဖြစ်ကြောင်း ပြသနိုင်ရန် ယခုကတည်းက စတင်စီမံဆောင်ရွက်ရန် လိုအပ်ကြောင်းကို ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယကက ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်တွင် အိမ်ရှင်နိုင်ငံအဖြစ် ထပ်မံလက်ခံကျင်းပမည့်ပြိုင်ပွဲ၌ ထိုက်ထိုက်တန်တန်အောင်မြင်မှုရရှိရန် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ ထပ်မံရှာဖွေဖော်ထုတ်ခြင်း၊ ပြည်တွင်းပြည်ပနည်းပြများ၊ ခေတ်မီအားကစားနည်းစနစ်များဖြင့် ပြင်းပြင်းထန်ထန် စခန်းသွင်းလေ့ကျင့်ပေးခြင်း၊ ပြည်ပသို့ ပူးတွဲလေ့ကျင့်ရန် စေလွှတ်ခြင်း၊ အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်၍ လေ့ကျင့်နည်းစနစ်များ ပြောင်းလဲလေ့ကျင့်ရန် လိုအပ်ပါက ပြောင်းလဲလေ့ကျင့်ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ ပိတ်ပွဲအခမ်းအနားများအတွက်လည်း တိုင်းရင်းသား လူမျိုးအသီးသီးတို့၏ ရိုးရာယဉ်ကျေးမှု၊ ပြည်ထောင်စုစိတ်ဓာတ်ဖော်ဆောင်မှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများပေါ်လွင်စေသော မြန်မာ့ရိုးရာအနုပညာအကများကို ခေတ်မီ IT နည်းပညာများပေါင်းစပ်ပြီး အဆင့်အတန်းမြင့်မြင့် ဖော်ထုတ်ပြသနိုင်ရန် ကြိုတင်စီမံဆောင်ရွက်လျက်ရှိသည်။

"မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့" ဆောင်ပုဒ်နှင့်အညီ လာမည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ပြီး နိုင်ငံအသီးသီးမှ လာရောက်ကြမည့် ဧည့်သည်တော်များ၊ အားကစားအဖွဲ့များအား မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းမြင့်မားမှုကို သိရှိစေရန်အတွက် မြန်မာလူမျိုးတို့၏ ဖြူစင်ရိုးသားမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ ဧည့်ဝတ်ကျေပွန်မှု၊ စိတ်ရင်းစေတနာကောင်းမှု၊ မျှတသန့်ရှင်းစွာ အားပေးမှုတို့ဖြင့် ဖော်ဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ဝင်း၊ ဦးအောင်သန်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Mr. ANUP KUMAR CHAKMA နှင့်စီးပွားရေးသံမှူး MD.ABDULLAH-AL-HASAN CHOWDHURY တို့အား ဇူလိုင် ၅ ရက်က ရန်ကုန်မြို့ ကုန်သည်/စက်မှုအသင်းချုပ်တွင် တွေ့ဆုံပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရောင်းချနိုင်ရေး ကိစ္စရပ်များ၊ ပေါင်းဆန်တင်ပို့ရောင်းချနိုင်ရေးကိစ္စရပ်များ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ဆိပ်ကမ်းမှတစ်ဆင့် ဆန်တင်ပို့ရောင်းချမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ဆန်စပါးလုပ်ငန်းရှင်များအသင်း)**

မြောင်းမြမြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

မြောင်းမြမြို့နယ် အသင်း (ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ဘီအိုစီပိဋကတ်တိုက် ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးဝင်းကြည် ဖုန်း-၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဦးမြင့်ဆွေ ဖုန်း-၅၃၄၀၁၇၊ ဒေါ်ရီရီဝင်း ဖုန်း -၂၅၁၃၂၃၊ အတွင်းရေးမှူး ဦးမြင့်အေး ဖုန်း- ၂၀၅၉၃၇၊ ၀၉-၄၉၂၆၃၂၄၉၊ ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်သန်း (မြောင်းမြ ဒေါ်ချို မုန့်ဟင်းခါးဆိုင် ရေတာရှည်လမ်း ဟောင်း ဗဟန်း) ဖုန်း-၅၄၈၅၀၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ပေးအပ်လှူဒါန်း

မင်္ဂလာဒုံမြို့နယ် (၂/က)

စံပြရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဖိုးဆယ်နှင့် အဝိုင်းအနောက်စံပြကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ရွှေ တို့က အမကအဝိုင်းအနောက်စံပြကျေးရွာ၊ အမကအဝိုင်းကျွန်း၊ အမက (၁၇) အဝိုင်းအရှေ့ကျေးရွာ တို့မှ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် မိုးကာများ ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ လပွတ္တာ၌ကျင်းပ

လပွတ္တာ ဇူလိုင် ၉

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် လပွတ္တာခရိုင် လပွတ္တာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၇ နာရီက လပွတ္တာ-မြောင်းမြကားလမ်း ၅မိုင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကြီး၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဆွေနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများကရတနာတန်းဝင်ကျွန်းပင်ပေါင်း ၆၀၀ကျော်ကို စိုက်ပျိုးခဲ့ကြသည်။ လပွတ္တာမြို့နယ်တွင် မိုးရာသီပြည်သူများ ဖြန့်ပျိုးပင် ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သန့်ရှင်းသာယာလှပရေး မြစ်ကြီးနား၌ဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၉

မြစ်ကြီးနားမြို့အတွင်း သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်က ဦးစီးအရာရှိ ဦးလှမိုးနှင့် ဝန်ထမ်းများ မြို့သစ်ကြီးရပ်ကွက် ပြည်ထောင်စု လမ်းဘေးဝဲယာတစ်လျှောက် ချုံနွယ်များ၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်များအတွင်း အဘိတ်ဆေးခတ်ခြင်းကို ဇူလိုင် ၄ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

မီဒီယာသင်တန်းသားများ တောင်ကြီးကိုယ်ပွားသတင်းစာတိုက်လေ့လာ

တောင်ကြီး ဇူလိုင် ၉

ပြန်ကြားရေးဝန်ကြီးဌာန ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် သတင်းမီဒီယာနှင့် သတင်းစာပညာသင်တန်း (၁/၂၀၁၁) မှ သင်တန်းသား သင်တန်းသူများသည် တောင်ကြီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းလိုက်ပါလျက် ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ကိုယ်ပွားသတင်းစာတိုက်တောင်ကြီးသို့ လာရောက်လေ့လာကြသည်။ လေ့လာရေးသင်တန်းသား သင်တန်းသူများအား ကိုယ်ပွားသတင်းစာတိုက်တောင်ကြီးတာဝန်ခံအရာရှိ ဦးနိုင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သတင်းစာထုတ်လုပ်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဖွင့်လှစ်သင်ကြားခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့ စသည်တို့မှ ဝန်ထမ်းများနှင့် ပြင်ပမှဓာတ်ပုံဝါသနာရှင်များ စုစုပေါင်း ၆၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ယာဉ်ကြောဖြင့် မျက်နှာမူပြီး လမ်းလျှောက်ပါ။

○ *ရှေ့ဖုံးမှ*

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိအောင် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကိုလည်း အခြားသောကဏ္ဍများနည်းတူ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရေတို/ရေရှည် စီမံချက်များ ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် **"မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့"** ဟူသည့် ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ **"အားကစားမြှင့်တင် တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"** ၊ **"အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်"** ၊ **"အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်း နှင့် အခြေအနေကို ဖော်ပြသည်"** ဟူသည့် ခံယူချက်များကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ချမှတ်ဆောင်ရွက်

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေချိန်တွင် ဘောလုံးအားကစားနည်းသည်လည်း တစ်မျိုးသားလုံးစိတ်ဝင်စားဆုံး အားကစားနည်းဖြစ်သည်နှင့်အညီ မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လူရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်နေပါကြောင်း။

ယှဉ်ပြိုင်ကစား

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားများအားလုံးသည် အားကစားသမားကောင်းများ၏ အမူအကျင့်နှင့် ပင်ကိုစွမ်းရည်များကို ဖော်ထုတ်ယှဉ်ပြိုင်သွားကြရန်၊ အားကစားသမား အချင်းချင်း ချစ်ခင်ရင်းနှီးစွာ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်ကစားသွားကြရန်၊ ထို့မှတစ်ဆင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေး၊ အရည်အချင်းထက်မြက်မြင့်မားသည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများသည် အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ စနစ်တကျ ပြန်လည်ထွက်ခွာသွားကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ပွဲဦးထွက်ပွဲစဉ်အဖြစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲသို့ ဝန်ကြီးဌာနအသင်း ၃၂ သင်းပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမှတ်(၁) နေပြည်တော် အားကစားကွင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်းနှင့် နေပြည်တော် လယ်ဝေး အားကစားကွင်း တို့၌ အုပ်စုရှစ်စုခွဲ၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇူလိုင် ၉ ရက်မှ ၂၉ ရက်အထိလည်းကောင်း၊ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဩဂုတ် ၁ ရက်မှ ၁၃ ရက်အထိ လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များ၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဩဂုတ် ၁၅ ရက်မှ ၂၆ ရက်အထိလည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား
တရုတ်နိုင်ငံမှဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Three Gorges Corporation မှ Vice President, Mr.Bi Yaxiong နှင့် Hydrochina Kunming Engineering Corporation မှ Assistant President, Mr.Edward Shen တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၇ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားကဏ္ဍ၌ အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၉

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၂	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၃၀	၂၀	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၃၁	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၃	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၅	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၄၁	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၃	၂၄	နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီး	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၄	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၈	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၃၃	၂၄	နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီး	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၄	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၅	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၅	၁၈	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၁	၂၂	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၄	၂၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၁	၂၅	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၄	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲစဉ် စတင်ကျင်းပ

နေပြည်တော် ဇူလိုင် ၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲစဉ်အဖြစ် ယနေ့ညနေပိုင်း ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစားမည်

ပထမအဆင့်အုပ်စုပွဲစဉ်များကို မနက်ဖြန် (ဇူလိုင် ၁၀ရက်) တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ နေပြည်တော်အားကစားကွင်း အမှတ်(၁)၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်း၊ နေပြည်တော် အားကစားကွင်း အမှတ်(၂)၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေး အားကစားကွင်း၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စာရင်းကိုင်သင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ စာရင်းကိုင်များအသင်းသည် ဇူလိုင်လအတွင်း (၂၃၇)ကြိမ်မြောက် စာရင်းကိုင်သင်တန်းနှင့် (၁၂)ကြိမ်မြောက် စာရင်းအင်း Business Statistics ပညာအခမဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ ယင်းသင်တန်းများသို့ အခြေခံပညာ အထက်တန်းစာမေးပွဲ အောင်မြင်ပြီးသူများ စာရင်းသွင်း၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

ခွဲခြားဖွင့်လှစ်မည်

(၂၃၇)ကြိမ်မြောက် စာရင်းကိုင်သင်တန်းများကို လုပ်ငန်းခွင်ဝင်ရောက်နေသူများ အဆင်ပြေစေရန် တနင်္ဂနွေ တစ်ရက်တက်သင်တန်းနှင့် စနေ၊ တနင်္ဂနွေ နှစ်ရက်တက်သင်တန်းဟူ၍ ခွဲခြားဖွင့်လှစ်မည်ဖြစ်သည်။ မြန်မာနိုင်ငံ စာရင်းကိုင်များအသင်းသည် ၁၉၃၇ ခုနှစ်မှစ၍ စာရင်းပညာ (မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ)အခမဲ့ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားလာခဲ့ရာ ယခုအခါ (၇၅)နှစ် စိန်ရတု အခါသမယ ပြည့်မြောက်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

မေးမြန်းစုံစမ်းနိုင်

သင်တန်းတက်ရောက် သင်ယူလိုသူများသည် မြန်မာနိုင်ငံ စာရင်းကိုင်များအသင်း အမှတ် ၉၁/၉၃ (၄၉)လမ်း (အလယ်ဘလောက်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၈၂၆၊ ၀၉-၅၀၁၉၉၇၉၊ ၀၉-၅၁၇၈၁၈၂၊ ၀၉-၅၄၁၀-၉၀၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

ဂန့်ဂေါမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် ဇွန် ၂၈ ရက်က သာသနာ့ဗိမာန်တွင် အထူးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဥတုရာသီ တောကို မှီ၏

ဟိုတယ်လုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား စင်ကာပူနိုင်ငံအခြေစိုက် Sedona Hotels International မှ President Mr. Sam Moon Thong ဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံပြီး ဟိုတယ်လုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်နည်းစနစ်များကို စဉ်ဆက်မပြတ် သုတေသနပြုလုပ် တောင်သူများလက်ခံကျင့်သုံးလာသည်အထိ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇူလိုင် ၈ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော အထူးအထွက်တိုးစပါးမျိုး သုတေသန ၁၀ဧက စိုက်ခင်းသို့ လာရောက်လေ့လာကြသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် မန်နေဂျာများ၊ ခရိုင်နှင့် မြို့နယ် မန်နေဂျာများ၏ လုပ်ငန်းစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့သင်တန်းအမှတ်စဉ်(၂) သင်တန်းသား ၄၈ဦးအားတွေ့ဆုံ ၍ အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနက် လယ်ယာ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်နေကြောင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို စဉ်ဆက်မပြတ်သုတေသနပြုလုပ်ခြင်းနှင့် တောင်သူလယ်သမားများ လက်ခံယုံကြည် ကျင့်သုံးလာသည်အထိ ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research and Development)ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် သင်တန်းသားများသည် ခေတ်မီသိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော အထူးအထွက်တိုး စပါးမျိုးသုတေသနစိုက်ခင်း၊ ခေတ်မီသိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် စိုက်ပျိုးထားသော တောင်သူပညာပေးစပါးစိုက်ခင်းအတွင်း စပါးဖြစ်ထွန်းနေမှုနှင့် ပင်ပွားထွက်ရှိမှုတို့ကိုလည်းကောင်း၊ တစ်ဧက တင်း ၅၀ စားသုံးဆီပိဿာ ၂၀၀ ကျော် ထွက်ရှိနိုင်မည့် ရေဆင်းနေကြာစပ်မျိုး-၁ မျိုးစိုက်ခင်း ငါးဧကကိုလည်းကောင်း ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြသရှင်းလင်းခဲ့ကြသည်။

အမှာစကားပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နံနက် ၁၁ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အစည်းအဝေးခန်းမ၌ ကျင်းပသော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပွင့်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့က ပြည်ပသို့ ဆန်စပါး ပိုမိုတင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းမှ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာသူများက ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီတွင်လည်းကောင်း၊ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Myanmar Business Coalition on AIDS (MBCA) ဥက္ကဋ္ဌ Mr.Martin Pun နှင့် အဖွဲ့သည် နံနက် ၁၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ကျေးလက်ကျန်းမာရေး အဆောက်အအုံပြုပြင်ရေးလုပ်ငန်းများ၊ တစ်နှစ်အောက် ကလေးကာကွယ်ဆေးထိုးမှုလုပ်ငန်းများနှင့် အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးလိုအပ်မှု စသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

MBCA ဥက္ကဋ္ဌနှင့် တွေ့ဆုံရာတွင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းရပ်များ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသိပ္ပံပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းသုံးစာအုပ်နှင့် အားကစားပစ္စည်းများလှူဒါန်း

နေပြည်တော် ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ပိတောက်ခြုံ ကျေးရွာ ရွာအဝင်မုခ်ဦးသစ်ဖွင့်ပွဲအခမ်းအနားနှင့် အခြေခံပညာ မူလတန်းကျောင်းသို့ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာစောင်များပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက အဆိုပါ ပိတောက်ခြုံကျေးရွာ ရွာအဝင်မုခ်ဦးရှေ့၌ ကျင်းပရာ ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအေးမြင့်က ပိတောက်ခြုံကျေးရွာ စည်းရုံးအုတ်တံတိုင်းကာရံရန်အခန်းနှစ်ခန်းစာအတွက် အလှူငွေကျပ်၁၃၀၀၀၀၀ကို ပေးအပ်လှူဒါန်းပြီး ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ သတင်းစာ၊ မဂ္ဂဇင်းနှင့် စာစောင်များကို ကျောင်းအုပ် ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရွှေပိတောက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး စာကြည့်တိုက်အတွက် ဂျာနယ်၊ သတင်းစာ၊ မဂ္ဂဇင်းနှင့် စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ဖခင်ကြီး ဦးခင်မောင်သန်း၊ မိခင်ကြီး ဒေါက်တာ ဒေါ်အေးအေးကြည်တို့အား ရည်စူး၍ သားသမီး၊ မြေးတစ်စုတို့က ထာဝရအထွေထွေ ငွေပဒေသာပင်နှင့် တစ်နေ့လုံးစာ အထူးအာဟာရ ကျွေးမွေးရန် ငွေကျပ်သုံးသိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ စာရင်းစစ် ဦးစိုးညွန့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရှင်းလင်းတင်ပြ

ကျုံပျော်မြို့နယ် ရှမ်းစု-လှည်းဆိပ်-ဝက်ချောင်း ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇွန် ၂၅ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဒေါ်ကေသီမိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။(မြို့နယ်စည်ပင်)

ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

ရင်သွေးငယ်များနှင့် မိဘများအကြား ပိုမိုရင်းနှီးခင်မင်ပြီး သာယာပျော်ရွှင်သော မိသားစုဘဝရရှိရန်ရည်ရွယ်၍ Popular Bookstore နှင့် City Baby Club တို့မှ ပူးပေါင်းစီစဉ်သော Joy of Parenting အစီအစဉ်နှင့် ကလေးပြုစုခြင်းဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ City Mart (Golden Valley)၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ကေသီထွန်းက ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသော ကလေးမိဘများနှင့် မိသားစုများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ အဆိုပါအခမ်းအနားတွင် ကလေးများအတွက် ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များ၊ Baby Urinium အကအဖွဲ့၏ ချစ်စဖွယ် ဖက်ရှင်ရှိုးနှင့် အကအလှများအပြင် ကလေးငယ်များ၏ သီဆိုဖျော်ဖြေမှုများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သိပ္ပံနည်းကျ မြန်မာ့ကြံစိုက်ပျိုးရေး သရုပ်ပြပွဲ ရေတာရှည်၌ ကျင်းပ

ရေတာရှည် ဇူလိုင် ၉

တောင်ငူခရိုင် ရေတာရှည်မြို့နယ် သာဂရကျေးရွာအုပ်စုတွင် သိပ္ပံနည်းကျ မြန်မာ့ကြံစိုက်ပျိုးရေးနည်းစနစ်သရုပ်ပြပွဲကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ကြံသီးနှံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးခင်မောင်ညွန့်က တောင်သူဦးကြီးများ၏ တစ်ဦးချင်းဝင်ငွေနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ကြံတစ်ဧက တန် ၅၀ထွက်ရှိအောင် ဆောင်ရွက်ရေး၊ မြို့လှသကြားစက် စက်ရုံမှူး ဦးစိုးဝင်းက ကြံဝယ်ယူသယ်ယူရေး အဆင်ပြေချောမွေ့စေရန် ကုန်ထုတ်လမ်းများ ဆောင်ရွက်မှုနှင့်ကြံစိုက်တောင်သူများ ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ဇုန်တာဝန်ခံ ဦးဘန်ရှိန်က တန် ၅၀ထွက်ရှိရန် စိုက်နည်းစနစ် သော့ချက် ၁၀ ချက်နှင့် သိပ္ပံနည်းကျကြံစိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးကြရေးကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ကြံသီးနှံလုပ်ငန်း ဒုတိယဇုန်တာဝန်ခံနှင့်ဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးပြသပြီး တောင်သူဦးကြီးများ၏သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လျှပ်စစ်ဓာတ်အား ပံ့မှန်ဖြန့်ဖြူးပေးနိုင်ရေးနှင့် မိုးကြိုးအန္တရာယ်

သတင်းမှတ်စု - မောင်လျှပ်စစ်

မြန်မာနိုင်ငံတွင် မိုးရာသီကာလများအတွင်း မိုးတိမ်တိုက်များအကြား ပေါ်ပေါက်လေ့ရှိသော တည်ငြိမ်လျှပ်စစ် (Static Electricity) များ စုစည်းအားကြီးလာရာမှ အစပြု၍ တိမ်တိုက်တစ်ခုမှ တစ်ခုသို့လည်းကောင်း၊ တိမ်တိုက်မှ မြေပြင်သို့ လည်းကောင်း လျှပ်စီးများဖြတ်သန်းစီးဆင်း၍ လျှပ်စီးလက်ခြင်း၊ မိုးကြိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိတတ်ပါသည်။

တိမ်တိုက်များတွင် စုစည်းဖြစ်ပေါ်ခဲ့သော အဖိုဓာတ်ရှိသည့် တည်ငြိမ်လျှပ်စစ်သည် ဗို့အားသန်းပေါင်းများစွာ (Millions of Volt) အင်အားရှိရာ အမဓာတ်ဖြစ်ပေါ်နေသော အခြားတိမ်တိုက်သို့ လည်းကောင်း၊ ပထဝီမြေကြီးသို့ လည်းကောင်း မူလကတားဆီးထားသော လေကိုခွင်း၍ (Ionization) လျှပ်စစ်စီးဆင်းခြင်းကို ဖြစ်ပေါ်စေခြင်းဖြစ်ပါသည်။ လေကိုခွင်း၍လျှပ်စစ်စီးဆင်းစေခြင်း (Ionization) ဖြင့် အလင်းရောင်များထွက်ပေါ်ခဲ့ရာ ယင်းကို လျှပ်စီးလက်သည်ဟုလည်းကောင်း၊ လေကိုခွင်းခြင်းကြောင့် ဖြစ်ပေါ်သော အသံအား မိုးကြိုးထစ်ချုန်းသည်ဟုလည်းကောင်း၊ တိမ်တိုက်မှ မြေကြီးပေါ်သို့ လျှပ်စစ်စီးဆင်းခြင်းကို မိုးကြိုးပစ်သည်ဟု လည်းကောင်း သတ်မှတ်ခေါ်ဝေါ်ကြပါသည်။

အများပြည်သူဓာတ်အားသုံးစွဲနိုင်ရန်အတွက် ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားလိုင်းများတွင် စီးဆင်းနေသော လျှပ်စစ်ဗို့အားများမှာ ဗို့ ၄၀၀၊ ဗို့ ၆၆၀၀၊ ဗို့၁၁၀၀၀၊ ဗို့ ၃၃၀၀၀ နှင့် ဗို့ ၆၆၀၀၀ တို့ဖြစ်ကြသည်။ အဆိုပါ ဗို့အားများရှိနေသော ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများမှ မြေဓာတ်သို့ဖြတ်၍ လျှပ်စစ်စီးဆင်းခြင်း (Short Circuit) မဖြစ်ပေါ်စေရန်အတွက် ခုခံမှုရှိသည့် လေထုအကွာအဝေးကို လည်းကောင်း၊ ဓာတ်အားစီးဆင်းမှုကို ဟန့်တားသည့် ကြွေသီးကဲ့သို့ ဓာတ်ကာပစ္စည်း(Insulator) များကိုလည်းကောင်း ဗို့အားအသီးသီးအတွက် တွက်ချက်တပ်ဆင်ထားရှိရာ သာမန်အားဖြင့် ပုံမှန်လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုကို ထိန်းသိမ်းထားရှိနိုင်ပါသည်။

သို့ရာတွင် အထက်ဖော်ပြပါတိမ်တိုက်မှ မြေကြီးသို့ မိုးကြိုးပစ်မှုသည် ပုံမှန်ဓာတ်အားဖြန့်ဖြူးနေသော ဓာတ်အားလိုင်းများသို့ တိုက်ရိုက် သို့မဟုတ် အနီးပတ်ဝန်းကျင်သို့ ရောက်ရှိပါက ဓာတ်အားလိုင်းများပေါ်သို့ မိုးကြိုးပစ်ရာမှ ဖြစ်ပေါ်လာသော အင်အားသန်းချီရှိသည့် ဓာတ်အားများ သက်ရောက်လာခဲ့ပါသည်။ ယင်းအချိန်တွင် ဓာတ်အားလိုင်းများမှ ခုခံနိုင်ခြင်းမရှိတော့သည့်အတွက် ဓာတ်အားဖြတ်စီးမှုများနှင့် ဓာတ်ကာပစ္စည်း (Insulator) များ ပေါက်ထွက်မှု (Puncture) တို့ ဖြစ်ပေါ်ခဲ့ပါသဖြင့် ပုံမှန်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးမှုကို ဆက်လက်ပြုလုပ်နိုင်ခြင်းမရှိသည့် ဓာတ်အားလိုင်းအပြစ် ဖြစ်ပေါ်မှု (Breakdown) ပေါ်ပေါက်ခဲ့ရပါသည်။ ယင်းသို့ Breakdown ဖြစ်ပေါ်ခြင်းကြောင့် ဖော်ပြပါဓာတ်အားလိုင်းများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေသော အများပြည်သူတို့အတွက် ဓာတ်အားပြတ်တောက်မှု၊ မီးပျက်မှု ဖြစ်ပေါ်ခဲ့ရပါသည်။

ယင်းသို့ဖြစ်ပေါ်ခဲ့ပါက လျှပ်စစ်ဝန်ထမ်းများသည် နေ့ ညမရွေး၊ ရာသီဥတုမရွေး အပြစ်ဖြစ်ပေါ်သော ဓာတ်အားလိုင်းအား အသေးစိတ်စမ်းသပ်စစ်ဆေးခြင်းကို ပြုလုပ်ပြီး ချွတ်ယွင်းပျက်စီးသွားသော အစိတ်အပိုင်းများကို လဲလှယ်ပြုပြင်မှု လုပ်ငန်းများဆောင်ရွက်ပေးရပါသည်။ ပြုပြင်မှုလုပ်ငန်းများပြီးစီး၍ ဓာတ်အားလိုင်း ကောင်းမွန်ကြောင်း စမ်းသပ်အတည်ပြုပြီးမှသာလျှင် ပုံမှန်ဓာတ်အားဖြန့်ဖြူးမှုကို ပြန်လည်ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

မိုးတွင်းကာလ မိုးကြိုးပစ်မှုများဖြစ်ပေါ်ချိန်တွင် ဖော်ပြပါအတိုင်း ဓာတ်အားပြတ်တောက်မှုများ၊ မီးပျက်မှုများ ပေါ်ပေါက်ခြင်းသည် သဘာဝဘေးဒဏ်အလျောက် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း၊ ဓာတ်အားပိတ်ခြင်း မဟုတ်ကြောင်းနှင့် ချွတ်ယွင်းပျက်စီးမှု ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း လျှပ်စစ်ဝန်ထမ်းများက အန္တရာယ်ကို အန်တု၍ နေ့ ည ရာသီမရွေး ၂၄ နာရီ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန UNFPA

ကမ္ဘာ့လူဦးရေနေ့

လူဦးရေသန်းခုနစ်ထောင်ရဲ့ဝန်တာ၊ ထမ်းဆောင်နေတဲ့ ငို့ရဲ့ကမ္ဘာ

The world at 7 Billion

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းက ဦးဆောင်၍ ဩဂုတ် ၂၃ ရက် မှ ၂၅ ရက်အထိ (နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ) IFRS for SMEs Training for Trainers Workshop အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ပြီး Mr. Paul Pacter, SME IG and IASB Member, နှင့် Ms. Winnie Chan, Technical Training and Support Associate Director of Hongkong Institute of Certified Public Accountants တို့က Workshop Facilitators များအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

အထက်ပါဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်နှင့် International Accounting Standard Board မှ အသိအမှတ်ပြု လက်မှတ်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း (ပထမထပ်)သို့ မှတ်ပုံတင်ကြေးငွေကျပ် ၁၅၀၀၀၀ ပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၂၁၄၆၅၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မူးယစ်မှောင်ခိုမှုနှင့် ဆက်စပ်သူ ၄၉ ဦး တူရကီ၌ ဖမ်းမိ

အစ္စတန်ဘူလ် ဇူလိုင် ၉

တူရကီနိုင်ငံ ဘူရာဆာပြည်နယ် အနောက်ပိုင်းတွင် ဇူလိုင် ၉ ရက်က မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ဆက်စပ်နေသူ ၄၉ ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း တူရကီသတင်းဌာန အနာတိုလီကသတင်းထုတ်ပြန်သည်။

မူးယစ်စစ်ဆင်ရေးတစ်ရပ်အဖြစ်ဆောင်ရွက်စဉ် ဒေသငါးခုမှ ၈၈ နေရာကို ဝင်ရောက်စီးနင်းရာတွင် အဆိုပါ ၄၉ ဦးကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံသည် အာရှနှင့်အရှေ့အလယ်ပိုင်းဒေသတို့မှ မူးယစ်ဆေးဝါးများကို အနောက်ဥရောပနိုင်ငံများသို့ တင်ပို့ရာတွင် တစ်ထောက်ရပ်နားစခန်းချရာ နိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း ယင်းသတင်း၌ ဖော်ပြသည်။ (အင်တာနက်)

ဆိုမာလီနိုင်ငံတွင် မိုးခေါင်ရေရှားပြည်သူများ နေရပ်ကိုစွန့်ခွာ

အဒစ်အာဘာဘာ ဇူလိုင် ၉

ဆိုမာလီနိုင်ငံတွင် မိုးခေါင်ရေရှားသဖြင့် ထောင်ပေါင်းများစွာသော ပြည်သူတို့သည် နေရပ်ကိုစွန့်ခွာကာ အီသီယိုးပီးယား နိုင်ငံအတွင်းသို့ ထွက်ပြေးကြကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ) အရာရှိတစ်ဦးက ပြောကြားသည်။

မိုးခေါင်ရေရှားသဖြင့် စားနပ်ရိက္ခာပြတ်တောက်မှုနှင့် ကြုံတွေ့ကြပြီး ဒုက္ခသည် ၁၁၀၀၀၀ ကျော် နေထိုင်လျက်ရှိသည့် အီသီယိုးပီးယားနိုင်ငံအရှေ့တောင်ပိုင်းမှ ဒုက္ခသည်စခန်းများသို့ ဆိုမာလီပြည်သူ ၁၆၀၀ ခန့် နေ့စဉ် ရောက်ရှိလာကြသည်။

ဖော်ပြထား

ပြီးခဲ့သည့် ရက်သတ္တပတ်က ဖွင့်လှစ်သည့် ဒုက္ခသည်စခန်းသစ်တွင်လည်း ယခုအခါ ဒုက္ခသည် ၁၂၀၀၀ ခန့် ရှိနေပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ (အင်တာနက်)

မိုးမြင့်လင်းလက် - စုစည်းသည်

အီရန်နိုင်ငံက ဇီဝဂြိုဟ်တုလွှတ်တင်မည်

တီဟီရန် ဇူလိုင် ၉

အီရန်နိုင်ငံက ယခုနှစ်ကုန်၌ ဇီဝဂြိုဟ်တုတစ်လုံးနှင့် အခြားဂြိုဟ်တုနှစ်လုံးကိုလွှတ်တင်ရန် စီစဉ်ထားကြောင်း အီရန်အာကာသအေဂျင်စီ(အိုင်အက်စ်အေ)က ဇူလိုင် ၉ ရက်၌ သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

စီစဉ်ထား

ဇီဝဂြိုဟ်တုတစ်လုံးကိုမူ လာမည့် စက်တင်ဘာလဆန်းတွင် အာကာသသို့ လွှတ်တင်မည်ဖြစ်သည်။

အခြားဂြိုဟ်တုနှစ်လုံးဖြစ်သော ဖာဂျာအမည်ရှိ ဂြိုဟ်တုနှင့် နာဗစ်အီလမ်အိုဆာနက်ဂြိုဟ်တုတို့ကို လာမည့် နွေရာသီကုန်နှင့် ဖေဖော်ဝါရီလဆန်းတို့တွင် လွှတ်တင်ရန်စီစဉ်ထားသည်။

၎င်းဂြိုဟ်တုများကို သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တင်ရန် စီစဉ်ခြင်းဖြစ်သည်။ အီရန်နိုင်ငံသည် ပြီးခဲ့သည့် မတ်လကလည်း အာကာသသို့ဂြိုဟ်တုများ လွှတ်တင်ခဲ့သေးသည်။

(အင်တာနက်)

ဘရာဇီးတောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား နှစ်ဦးသေဆုံး၊ အိမ်လေးလုံးပျက်စီး

ရီယိုဒီဂျနေးရိုး ဇူလိုင် ၉

ဘရာဇီးနိုင်ငံတောင်ပိုင်း ဆော်ပေါလိုမြို့ဆင်ခြေဖုံးအရပ်၌ ဇူလိုင် ၈ ရက်က မြေပြိုမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကာ အိမ်လေးလုံးပျက်စီးခဲ့ကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

သေဆုံးသူများမှာ အသက်သုံးနှစ်အရွယ်ကလေးငယ်နှင့် အသက် ၁၇ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးတို့ဖြစ်ကြသည်။ ဒဏ်ရာရရှိသူများမှာ အသက်ငါးနှစ်နှင့် အသက် ၁၆ နှစ်အရွယ် မိန်းကလေးငယ်နှစ်ဦး ဖြစ်သည်။

မြေပြိုမှုဖြစ်ပွားသည့် ဧရိယာအကျယ်အဝန်းမှာ စတုရန်းမီတာ ၇၀၀၀ ခန့်ရှိပြီး မြေကြီးများအောက်၌ ပိတ်မိနေသူများရှိ မရှိ ကယ်ဆယ်ရေးအဖွဲ့များက အနံ့ခံခွေးများ အသုံးပြုပြီး ရှာဖွေလျက်ရှိသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ

မျိုးမင်းဟိန်း(သတင်းအတတ်ပညာ) - စုစည်းသည်

ဆွီဒင်၌ ကမ္ဘာ့ပထမဆုံးလေပြွန်အတု အစားထိုးခွဲစိတ်ကုသ

စတော့ဟုမ်း ဇူလိုင် ၉

ကမ္ဘာ့ပထမဆုံးသောလေပြွန်အတု အစားထိုးခွဲစိတ်ကုသမှုကို ဆွီဒင်နိုင်ငံတွင်ပထမဆုံး ပြုလုပ်နိုင်ပြီဖြစ်ကြောင်း ဇူလိုင် ၉ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အစားထိုးကုသ

ယင်းလေပြွန်အတု အစားထိုးခွဲစိတ်ကုသမှုအတွက် လေပြွန်အတုကို လန်ဒန်မှဆေးသိပ္ပံပညာရှင်များက တီထွင်ဖန်တီးခဲ့ပြီး လေပြွန်အစားထိုးမှုအတွက် အလှူရှင်မလိုအပ်တော့ကြောင်း၊ လူတို့ကျွမ်းကျင်စွာ ဖန်တီးပြုလုပ်ထားသည့် လေပြွန်အတုဖြင့် အစားထိုးကုသနိုင်ပြီဖြစ်ကြောင်း အီတလီနိုင်ငံ ကာရိုလင်စကာ တက္ကသိုလ်မှ ပါမောက္ခပေါ်လိုမက်ချဲယားရီနီက ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

ပထမဆုံး ဆိုလာဥယျာဉ် ဖွင့်လှစ်

ပင်ဘရွတ်ရှိုင်းယား ဇူလိုင် ၉

နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများတပ်ဆင်ထားသည့် ကမ္ဘာ့ပထမဆုံးဆိုလာဥယျာဉ်ကို ဗြိတိန်နိုင်ငံ ဝေလပြည်နယ် ပင်ဘရွတ်ရှိုင်းယားမြို့တွင် ဇူလိုင် ၈ ရက်က စတင်ဖွင့်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တပ်ဆင်ထား

ယင်းဆိုလာဥယျာဉ်တွင် အမေရိကန်က တင်သွင်းသည့် ဆိုလာပြားပေါင်း ၁၀၀၀၀ ခန့် တပ်ဆင်ထားပြီး အကျယ်အဝန်း ခြောက်ဧကရှိသည်ဟု ဖော်ပြထားသည်။ (အင်တာနက်)

ကွန်ဂိုနိုင်ငံတွင် လေယာဉ်ပျက်ကျ၊ ၁၂၇ ဦး သေဆုံး

ကင်ရှာဆာ ဇူလိုင် ၉

ကွန်ဂိုနိုင်ငံပိုင် လေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်းသည် ရာသီဥတုဆိုးရွားမှုကြောင့် လေဆိပ်သို့ဆင်းရန်ကြိုးစားစဉ် ပျက်ကျခဲ့ပြီး လူ ၁၂၇ ဦး သေဆုံးခဲ့သည်ဟု အစိုးရပို့ဆောင်ရေးဝန်ကြီးဌာနက ဇူလိုင် ၈ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်သည် ကွန်ဂိုနိုင်ငံအရှေ့မြောက်ပိုင်း ကီဆန်ဂါနီလေဆိပ်သို့ဆင်းရန်ကြိုးစားစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ၅၁ ဦးသာ အသက်ရှင်ကျန်ရစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ အမ်အင်န်အေဆင်ဟွာ

တိုးမြှင့်ပင်စင်လစာအကြောင်း သိကောင်းစရာများ

နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများနှင့် နိုင်ငံရေးပင်စင်လစာများ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း ၁၀-၆-၂၀၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါပင်စင်လစာများနှင့် နိုင်ငံရေးပင်စင်လစာများကို ၂၀၁၁ ခုနှစ် ဇူလိုင်လစာမှစ၍ တိုးမြှင့်ခံစားခွင့် ပြုလိုက်သဖြင့် ပင်စင်စားများကိုယ်တိုင်သာမက တစ်နိုင်ငံလုံး လှိုက်လှဲဝမ်းသာ ပီတိထောမနာဖြစ်ရသည်။

ပင်စင်စားများအနေဖြင့် ပင်စင်လစာစာအုပ်နှင့် ယခင်ပင်စင်လစာခွင့်ပြုခဲ့သည့် အမိန့်စာများယူဆောင်၍ သက်ဆိုင်ရာရုံးဌာနများသို့ ကိုယ်တိုင်အမြန်ဆုံး ဆက်သွယ်သတင်းပို့ ဆောင်ရွက်သွားကြရန်လည်း နှိုးဆော်ထားသည်။ ပင်စင်စားများ၊ ၎င်းတို့၏ မိသားစုများ၊ ဆက်စပ်ပတ်သက်သူများက မိမိတို့ဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍ မရှင်းလင်းသည်များကို ပင်စင်ဦးစီးဌာနသို့ နေ့စဉ် စုံစမ်းမေးမြန်းမှုများရှိလာသည်။ ယင်းမေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားချက်များနှင့် အခြားသိရှိသင့်သည်များအား ပြည်သူအများ ဂဃနဏ ရှင်းလင်းသိရှိနိုင်စေရန် စုစည်းဖော်ပြလိုက်ပါသည်။

(ယမန်နေ့မှအဆက်)

၁၄။ မေး ။ ဖျက်သိမ်းလိုက်သော ဌာနများ၏ ပင်စင်စားများ တိုးမြှင့်ပင်စင်ရရှိရေးကိစ္စ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို သိရှိလိုပါသည်။

ဖြေ။ **၁။ ဖျက်သိမ်းလိုက်သော ဌာနများ၏ ပင်စင်စားများအတွက် တိုးမြှင့်ပင်စင်လစာရရှိရေးကို ပုံမှန်အားဖြင့် ဝန်ကြီးဌာနမှ တာဝန်ပေးထားသော ဦးစီးဌာန/ လုပ်ငန်းအဖွဲ့အစည်းမှ တာဝန်ယူဆောင်ရွက်ရပါမည်။**

၂။ တာဝန်ယူ ဆောင်ရွက်ရမည့်ဌာနသည် မြို့နယ်အားလုံးတွင် မရှိပါက ပင်စင်စားအတွက် လွယ်ကူစေရန် ထိုဝန်ကြီးဌာနအောက်ရှိ ဌာနခွဲတစ်ခု မြို့နယ်ဦးစီးဌာနတစ်ခုကို တာဝန်ပေးပြီး ဆောင်ရွက်သွားရန် ညွှန်ကြားထားပါသည်။

၁၅။ မေး ။ တိုးမြှင့်နိုင်ငံရေးပင်စင် တောင်းခံရန် သီးခြားသတ်မှတ်ပုံစံ ရှိ/မရှိ။

ဖြေ ။ **မြို့ပြဝန်ထမ်းပုံစံကိုသာ အသုံးပြုနိုင်ပါသည်။ သီးခြားသတ်မှတ်ချက် မရှိပါ။**

၁၆။ မေး ။ ဝန်ထမ်း(အငြိမ်းစား) တိုးမြှင့်ပုံစံကိုသာ အသုံးပြုရမည်ဆိုပါက စာမျက်နှာ (၂)တွင် တာဝန်ခံအရာရှိ ဖြည့်စွက်လက်မှတ်ရေးထိုးရမည့်သူမှာ လွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူးချုပ် လက်မှတ်ရေးထိုးရန် လို/မလို။

ဖြေ ။ **အရာရှိတစ်ဦး တာဝန်ယူ လက်မှတ်ရေးထိုးနိုင်ပါသည်။**

၁၇။ မေး ။ အဆိုပါ ပုံစံ၏ စာမျက်နှာ(၃)တွင် နိုင်ငံတော်သမ္မတရုံးညွှန်ချုပ် သို့မဟုတ် လွှတ်တော်ရုံးညွှန်ချုပ် မည်သည့်ပုဂ္ဂိုလ် ရေးထိုးရမည်နည်း။

ဖြေ ။ **နိုင်ငံတော်သမ္မတရုံး ညွှန်ချုပ် သို့မဟုတ် ၎င်းအာဏာ ခွဲဝေပေးထားသူအရာရှိ။**

၁၈။ မေး ။ နိုင်ငံရေး ပင်စင်စားတစ်ဦး အိပ်ရာထဲမှ မထနိုင်လောက်အောင် နာမကျန်းဖြစ်နေပါက ယင်းပုဂ္ဂိုလ်အတွက် သက်ရှိထင်ရှားရှိကြောင်းနှင့် ပြစ်ဒဏ်ကျခံခြင်းမရှိကြောင်း ထောက်ခံချက်ယူရန် မည်သည့်အဆင့်အထိ လိုအပ်မည်နည်း။

ဖြေ ။ **မြို့နယ်ထွေ/အုပ်မှ အရာရှိတစ်ဦးလွှတ်ပြီး တိုးမြှင့်ပင်စင်လစာ တောင်းခံလွှာ လက်ခံပေးရန် ဖြစ်ပါသည်။**

၁၉။ မေး ။ မိသားစု ပင်စင်တွက်ချက်ရာတွင် မိသားစုပင်စင်စာအုပ်၌ နောက်ဆုံးထုတ်လစာနှင့် လုပ်သက်စုစုပေါင်း ပါရှိခြင်းမရှိပါသဖြင့် ချိန်ညှိနှုန်းလစာတွက်ချက်ရန် အခက်အခဲရှိပါသည်။ အချို့ အငြိမ်းစား ဝန်ထမ်းများသည် ပင်စင်ယူခဲ့ရာဒေသ၌ အခြေချနေထိုင်ခြင်းမရှိဘဲ ဇာတိမြို့/သင့်တော်ရာမြို့များသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ အထောက်အထားများ အလွယ်တကူ မရရှိနိုင်ခြင်းများရှိပါက မည်သို့ဆောင်ရွက်ရမည်နည်း။

ဖြေ ။ **ပင်စင်စားက ကိုယ်တိုင်အပြည့်အစုံ မဖြည့်နိုင်ပါကလည်း လစာတောင်းခံလွှာတွင် ဌာနက ဖြည့်ပေးမည်ဖြစ်ပြီး ဌာနကမဖြည့်နိုင်လျှင် ပင်စင်ဦးစီးဌာနရုံးချုပ် စာရင်းပေါင်းချုပ်မှတ်တမ်းဌာနခွဲ သို့မဟုတ် ပင်စင်လုပ်ငန်း တွက်ချက်ဌာနခွဲများသို့ လာရောက်တွေ့ဆုံပါက ပူးပေါင်းဆောင်ရွက်ပေးပါမည်။**

၂၀။ မေး ။ မိသားစုပင်စင်လျှောက်ထားသည့် ပင်စင်ကိစ္စရပ်များတွင် ၁၀-၆-၂၀၁၁ ရက်နေ့ထိ ပင်စင်လစာအဟောင်းနှင့်၁-၇-၂၀၁၁ နေ့မှစ၍ တိုးမြှင့်ပင်စင်လစာကိုပါ တစ်ပါတည်း တွက်ပေးရပါမလား။

ဖြေ ။ **တွက်ပေးရပါမည်။**

၂၁။ မေး ။ ၁-၄-၂၀၀၆ မတိုင်မီ နိုင်ငံရေးပင်စင်စားများအတွက်ဟု ဖော်ပြပါရှိသဖြင့် ၂၀၁၀ တွင် သက်ပြည့်နိုင်ငံရေးပင်စင်ရရှိသည့် နိုင်ငံရေးပင်စင်စားများ တိုးမြှင့်ပင်စင်ရ/မရ။

ဖြေ ။ **၁-၄-၂၀၀၆ မတိုင်မီ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၆၀) ပြည့်၍ ပင်စင်လစာ စတင်ခံစားခွင့်သည် ၁-၄-၂၀၀၆ နောက်ပိုင်းဖြစ်သော်လည်း အကျုံးဝင်ပါသည်။**

၂၂။ မေး ။ တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ ရုံးခွဲများသို့ ဖြန့်ခွဲပေးမည်ဖြစ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် တာဝန်ခံအရာရှိများသည် ဌာနအကြီးအကဲနေရာ လက်မှတ်ရေးထိုးခွင့် ရှိ/မရှိ။

ဖြေ ။ **ရှိပါသည်။ သို့သော် လက်မှတ်ထိုးသူသည် ပင်စင်စားထက် တစ်ဆင့်မြင့်ရာထူးရှိရပါမည်။ ထိုအမှုတွဲမျိုးကို လက်မှတ်ထိုးနိုင်သူရှိရာ ရုံးသို့ သတင်းပို့လျှင်ရပါသည်။**

၂၃။ မေး ။ မြို့နယ်ရုံးခွဲများအထိ ဖြန့်ခွဲပေးမည်ဖြစ်၍ ဌာနအကြီးအကဲ ကိုယ်စား လုပ်ပိုင်ခွင့်အာဏာ ထပ်ထုတ်၍ ရ/မရ။

ဖြေ ။ **ရပါသည်။**

၂၄။ မေး ။ ပင်စင်ဦးစီးဌာနမှ အငြိမ်းစားတစ်ဦးသည် (၉/၂၀၁၀)မှ (၇/၂၀၁၁)ထိ (၁၁)လစာပင်စင် မထုတ်ယူရသေးသဖြင့် ဘဏ်နှင့် ဆက်သွယ်ရာတွင် တိုးမြှင့်ပင်စင်လစာ အရင်ဆောင်ရွက်ပြီးမှ ကျန်ရှိသည့် (၁၁)လစာအား ထုတ်ပေးမည်ဟု ပြောကြားပြီး ပင်စင်ဦးစီးဌာနနှင့် ဆက်သွယ်ရန် စေလွှတ်သဖြင့် မည်သို့ဆောင်ရွက်ရမည်နည်း။

ဖြေ ။ **ထုတ်ပေးနိုင်ပါသည်။(မြန်မာ့စီးပွားရေးဘဏ် ဒုတိယအထွေထွေမန်နေဂျာဦးဝင်းနိုင်ဦးနှင့် ညှိနှိုင်းပြီးဖြစ်ပါသည်။ ဖုန်းနံပါတ်-၄၂၁၄၈၁)**

၂၅။ မေး ။ နိုင်ငံခြားသို့ အလည်သွားနေသည့် ပင်စင်စားဆရာမကြီး၏ ပင်စင်ကို ကိုယ်စားလုပ်ပေး၍ ရနိုင်ပါသလား။

ဖြေ ။ **တိုးမြှင့်ပင်စင် တောင်းခံလွှာကို ကိုယ်တိုင်တင်ရပါမည်။ ထို့ကြောင့် နိုင်ငံခြားက ပြန်လာမှ တာဝန်ခံအရာရှိ(သို့) တောင်းခံလွှာလက်ခံသူအရာရှိကို ကိုယ်တိုင်တွေ့ဆုံဆောင်ရွက်ရန် ဖြစ်ပါသည်။ ရက်ကန့်သတ်ချက် မလုပ်ထားပါ။ နောက်ကျဆောင်ရွက်၍ရပါသည်။**

တိုးမြှင့်ပင်စင်လစာတောင်းခံမည့် ပင်စင်စားများ ဆောင်ရွက်ရန် အချက်များ

၁။ ပင်စင်လစာ စာအုပ်နှင့် အမိန့်စာယူလာရန်။
၂။ အမိန့်စာမရှိပါက ပင်စင်လစာစာအုပ် ယူလာရန်။
၃။ မိခင်ဌာန ရုံးချုပ်/ရုံးခွဲမရှိသည့် မြို့နယ်တွင် နေထိုင်ပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သွားရောက်ဆောင်ရွက်ရန်။
၄။ ဖျက်သိမ်းလုပ်ငန်းမှ ပင်စင်စားများအတွက် နေရပ်တွင် တာဝန်ယူမည့်ဌာန ရုံးချုပ်/ရုံးခွဲမရှိက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။
၅။ မည်သည့်ဌာနသို့ ဆက်သွယ်ဆောင်ရွက်ရမည်ကိုမသိပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သွားရောက်ဆောင်ရွက်ရန်။
၆။ မသွားရောက်နိုင်သည့် ကျန်းမာရေးမကောင်းသူ၊ အသက်ကြီးသူများ ကိုယ်စားလှယ်နှင့်စေလွှတ်၍ ဆက်သွယ်ဆောင်ရွက်ရန်။
၇။ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် နိုင်ငံရေးပင်စင်စားများ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်။
၈။ အာဏာပိုင်အဖွဲ့အဆင့် နိုင်ငံရေးပင်စင်စားများ အာဏာပိုင်အဖွဲ့ရုံးများသို့ သွားရောက်ရန် အခက်အခဲရှိပါက မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်။
၉။ တိုးမြှင့်ပင်စင်လစာ တောင်းခံလွှာရယူဖြည့်စွက်၍ လက်မှတ်ထိုးပါ၊ လက်မှတ်မထိုးနိုင်က လက်ဗွေနှိပ်ပါရန်။
၁၀။ လစာတောင်းခံလွှာ၊ ပင်စင်လစာ စာအုပ်နှင့် ခွင့်ပြုမိန့်တို့အား ပူးတွဲ၍ မိခင်ဌာနရုံးချုပ်/ရုံးခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြအပ်နှံပြီး လက်ခံရရှိကြောင်း အထောက်အထားအား ရယူရန်။
၁၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာပင်စင်စား၏ မိခင်ဌာနချုပ်သို့ ပေးပို့ရန်။
၁၂။ မိခင်ဌာနရုံးချုပ်/ရုံးခွဲများမှဖြည့်စွက်ခြင်း၊ အတည်ပြုခြင်းလက်မှတ်များ ရေးထိုးပြီး သက်ဆိုင်ရာပင်စင်ဦးစီးဌာနများသို့ အမှုတွဲအားပေးပို့ရန်။
၁၃။ ပင်စင်ဦးစီးဌာနမှ အမှုတွဲအားစိစစ်တွက်ချက်ပြီး သက်ဆိုင်ရာပင်စင်စား၊ ဘဏ်နှင့် ဌာနများသို့ ငွေပေးမိန့်နှင့် စာရင်းစစ်အစီရင်ခံစာ ထုတ်ပြန်ပေးပို့ရန်။
၁၄။ ပင်စင်စားမှ မိမိသက်ဆိုင်ရာ ဘဏ်နှင့်လုပ်ငန်းဌာနတွင် တိုးမြှင့်ပင်စင်လစာရရှိရေး ဆက်သွယ်ဆောင်ရွက်ရန်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၂၀၁၁ ခုနှစ် ဆဋ္ဌမအကြိမ် ချင်းပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဟားခါးမြို့ရှိ ရှုန်းတောင်ကုန်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ချင်းပြည်နယ်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၉

၂၀၁၁ ခုနှစ် ဆဋ္ဌမအကြိမ် ချင်းပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဟားခါးမြို့ရှိ ရှုန်းတောင်ကုန်း၌ ကျင်းပရာ ရှေးဦးစွာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ရေသင်းဝင်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မိုင်းဘောပျိုးပင် ၇၁၂ ပင်၊ ရေသင်းဝင် ပျိုးပင် ၈၂၃ ပင်နှင့် ချယ်ရီပျိုးပင် ၇၄၇ ပင် စုစုပေါင်းပျိုးပင် ၂၂၈၂ ပင်ကို စိုက်ပျိုးကြသည်။

စိုက်ပျိုး

အလားတူ ဖလမ်းခရိုင်နှင့် မင်းတပ်ခရိုင်တို့ရှိ မြို့နယ်များ၌လည်း ဆဋ္ဌမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပကြရာ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ ချင်းပြည်နယ် အနေဖြင့် ၂၀၁၁ ခုနှစ် ဆဋ္ဌမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်၊ လေကာပင်နှင့် စားပင် စုစုပေါင်း အပင်၁၈၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး၌ ရုံးပိတ်ရက်များအတွင်း ဗီဒီယိုလုပ်ငန်းလိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်ပေးနေ

ရန်ကုန် ဇူလိုင် ၉

ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ၏ ညွှန်ကြားမှု၊ ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီသည် ရုံးပိတ်ရက် (စနေ၊ တနင်္ဂနွေနေ့) များတွင် ဗီဒီယိုပြစက်နှင့် အခြားပြစက်များ အသုံးပြု၍ ဖျော်ဖြေရေးအစီအစဉ် လုပ်ဆောင်နေသော လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ အမျိုးသား၊ အမျိုးသမီး အလှပြင် ခန်းမနှင့် အလှပြင်ဆိုင်များအတွက် ပြသခြင်းလုပ်ငန်း လုပ်ငန်းလိုင်စင်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

လုပ်ဆောင်ပေးလျက်ရှိ

ဇူလိုင် (၂)၊ (၃)ရက် (စနေ၊ တနင်္ဂနွေနေ့)များတွင် မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ရုံးခန်းဖွင့်လှစ်၍ မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် အမျိုးသား၊ အမျိုးသမီးအလှပြင်ခန်းမနှင့် အလှပြင်ဆိုင်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးမှ လုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင် ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းရှင် ၂၁၂ ဦးတို့အား လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့နှင့်အတူ မင်္ဂလာဒုံမြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံ အဖွဲ့ခွဲအဆင့်ဆင့်တို့မှ တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျန်မြို့နယ်များသို့လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း ယခုကဲ့သို့ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် အချိန်ကုန်သက်သာခြင်း၊ လူပင်ပန်းသက်သာခြင်း၊ ခရီးစရိတ်သက်သာခြင်းနှင့် သက်တမ်းတိုးလုပ်ငန်းရှင်များ အနေဖြင့်လည်း ယခင်နှစ် လုပ်ငန်းလိုင်စင်သက်တမ်းမကုန်မီ ဆောင်ရွက်နိုင်၍ ယခင်နှစ်များကထက် လုပ်ငန်းရှင်(၆၅)ဦးအား လုပ်ငန်းလိုင်စင်ပိုမိုထုတ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အကောက်ခွန်ဦးစီးဌာန ပညာသင်စရိတ်နှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ပညာသင်စရိတ်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းနှင့် တာဝန်ရှိသူများက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး စုစုပေါင်း ၁၆ ဦး နှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၆၁၄ ဦးအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

တိုင်းရင်းပီစွာ ရိုင်းပင်းညီကာ ဝိုင်းဝန်းပါဝင်ကြပါစို့

ဝေယံမောင်

လူတစ်ယောက်၏ ဘဝဖြစ်တည်မှုတွင် စားဝတ်နေရေးဟူသော အဓိက ဒေါက်တိုင်သုံးခုရှိသည်ဟု ဆိုချင်ပါသည်။ စားဖို့ဖြစ်ဖြစ်၊ ဝတ်ဖို့ဆိုဆို၊ နေဖို့ပြောပြော ရှင်သန်ရပ်တည်နေရသည့်ဘဝအတွက် အမောတကော ဆောင်ရွက်ရန် မဖြစ်မနေအရေးကြီးသည့် ကိစ္စရပ်များပင်ဖြစ်ပါ၏။ မည်သူမျှ ဆင်းရဲသည့်ဘဝကို မလိုချင်၊ နွမ်းပါးနေသည့်အဖြစ်ကို မလိုလား၊ လူတန်းစေ့သည်ဟု တင်စားလေ့ရှိသော ဘဝတွင် ကျင်လည်ကျက်စားလိုကြသည်။ ဤကား လောကနိယာမပင်ဖြစ်ပါ၏။

လူတစ်ဦးမှသည် မိသားတစ်စု၊ အဖွဲ့တစ်ခု၊ ရွာတစ်ရွာ၊ မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်ငံ စသည်ဖြင့် အဆင့်ဆင့်ပုံရိပ်ကိုချဲ့ကြည့်လျှင်လည်း နိုင်ငံတည်းဟူသော အမိုးအကာအောက်တွင် နေထိုင်ကြသည့် နိုင်ငံသားဟူသော ပြည်သူပြည်သားတို့၏ အခြေခံလိုအပ်ချက်မှာလည်း စားဝတ်နေရေး ဖူလုံမျှတမှုရရှိစေရန်ပင်ဖြစ်ပါသည်။

နိုင်ငံသားအားလုံး၏ စားဝတ်နေရေးဖူလုံမျှတမှု၊ တစ်နည်းအားဖြင့် လူတန်းစေ့နေထိုင်မှု၊ တစ်နည်းအားဖြင့် ပူပင်ကြောင့်ကြကင်းစွာ ရပ်တည်နိုင်မှုအတွက် ဆင်းရဲခြင်းမှ လွတ်ကင်းရန်လိုအပ်သလို နွမ်းပါးခြင်းမှလည်း ကင်းဝေးရန်လိုအပ်သည်သာဖြစ်ပါသည်။ ထိုအချက်ကို အကောင်အထည်ဖော်ရန်မှာမူ နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် လူတန်းစားအမျိုးမျိုးရှိသည့်အနက် အဓိကလူတန်းစားနှစ်ရပ်ရှိသည်ဟု ခွဲခြားလိုပါသည်။ ၎င်းမှာ ကျေးလက်နေလူတန်းစားနှင့် မြို့ပြနေလူတန်းစားတို့ပင်ဖြစ်ပါသည်။ ကျေးလက်နေလူတန်းစားတို့ မဆင်းရဲဖို့လိုသလို မြို့ပြနေလူတန်းစားတို့ မနွမ်းပါးပါမှ တစ်နိုင်ငံလုံး ဆင်းရဲနွမ်းပါးမှုဘေးမှ ကင်းဝေးကြမည်ဖြစ်ပါသည်။

သို့သော်လည်း အပြောလွယ်သလောက် အလုပ်ခက်ပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ဆင်းရဲနွမ်းပါးမှုကို မလိုလားသော်လည်း ကိန်းဂဏန်းများအရ ကျွန်တော်တို့နိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အခြေခံမျဉ်းအောက်ရောက်နေသူ ၂၆ ရာခိုင်နှုန်းကျော်ရှိနေသည်ဟု ပညာရှင်များ၏ ထောက်ပြချက်က ၎င်းကိစ္စသည် အဆောတလျင် ဖြေရှင်းရမည့်၊ ဂရုတစိုက်ကိုင်တွယ်ဆောင်ရွက်ရမည့် ပြဿနာတစ်ရပ်ဖြစ်ကြောင်း ပြဆိုနေပါ၏။

ဤနေရာတွင် နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံကျော်သည် မည်သည့်အတွက်ကြောင့် ဆင်းရဲနေသည်လည်း၊ မည်သည့်အတွက်ကြောင့် နွမ်းပါးနေသည်လည်းဟု ပြန်လည်ဆန်းစစ်ရာ၌ ဖြတ်သန်းခဲ့ရသည့် ခေတ်စနစ်၏ အကောင်းအဆိုးကို ပြန်လည်မသုံးသပ်လိုသော်လည်း ထင်ထင်ရှားရှား ပေါ်လွင်နေသည်က မိမိတို့ခေတ်ပြောင်းတော်လှန်ရေးများကို မကြာခဏ ဆင်နွှဲခဲ့ရခြင်းတို့၏ အကျိုးဆက်ပင်ဖြစ်သည်ဟု ထင်မြင်မိပါသည်။ ပြည်ထောင်စု မပြိုကွဲစေရန် အကြိမ်ကြိမ်အဖန်ဖန်ကာကွယ်ခဲ့ရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲရလေအောင် ယခုအချိန်အထိ ကြိုးပမ်းနေရ၏။ လွတ်လပ်ရေးရပြီးသည်မှ ယနေ့အထိလည်း အနည်မထိုင်နိုင်သေးသော၊ မရင့်ကျက်သေးသော နိုင်ငံရေးကြားဝယ် ခေတ်၊ စနစ်အမျိုးမျိုးဖြင့် ဖြတ်သန်းခဲ့ရသည်။ နိုင်ငံဖွံ့ဖြိုးဖို့၊ လူမျိုးတိုးတက်ဖို့အတွက် ခြေလှမ်းများ၊ အကြံအစည်ကောင်းများ၊ အချိန်များ စသည်တို့သည် အကျိုးမဲ့စွာ ဆုံးရှုံးခဲ့ရသည်ကို ယနေ့ ပညာရှင်တို့၏ စစ်တမ်းက သက်သေပြနေပါသည်။ လူ ၁၀၀ တွင် ၂၆ ဦးခန့်က ဆင်းရဲနေပါသည်၊ နွမ်းပါးနေပါသည်. . . တဲ့။

ရေမြေတောတောင်သဘာဝနှင့် သယံဇာတ ပေါကြွယ်ဝလှသည့် ကျွန်တော်တို့နိုင်ငံ၊ မြေကြီးက ရွှေသီးသည်ဟု တင်စားသည့် ကျွန်တော်တို့ တိုင်းပြည်တွင် ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းကျော်ခဲ့ရခြင်းသည် သက်ဆိုင်ရာ အုပ်ချုပ်သူအဆက်ဆက်တို့က ဆင်းရဲနွမ်းပါးသူတို့အရေးကို လုပ်သင့်လုပ်ထိုက်သလောက် မလုပ်ဆောင်နိုင်ခဲ့သလို၊ နိုင်ငံသားအများစုတို့၏ ကြိုးပမ်းအားထုတ်မှုတို့သည်လည်း ပြောင်းလဲနေသောခေတ်၊ စနစ်တို့အကြားဝယ် တလွဲဆံပင်ကောင်းခဲ့သောကြောင့်၊ မိမိတို့၏ အကျိုးကို မိမိတို့ကိုယ်တိုင် အားသွန်ခွန်စိုက် မဆောင်ရွက်နိုင်ခဲ့သောကြောင့်ဟုပင် ပွင့်ပွင့်လင်းလင်း ဝေဖန်ရပါတော့မည်။

ယခုတက်လာသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကမူ ဒီအချက်ကို မှတ်မှတ်ထင်ထင် သတိပြုမိပါ၏။ နိုင်ငံတော်သမ္မတဖြစ်သူက ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် ပထမဆုံး ပြောကြားခဲ့သည့် နိုင်ငံတော်အခြေပြု မိန့်ခွန်း၌ စီးပွားရေးနှင့်ပတ်သက်၍ **"ဈေးကွက်စီးပွားရေးဆိုရာမှာ ကျွန်တော်တို့အနေနဲ့ နိုင်ငံနဲ့ ပြည်သူဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုပြီး ဖွင့်သင့်တာဖွင့်၊ ပြင်သင့်တာပြင်၊ ဖိတ်ခေါ်သင့်တာဖိတ်ခေါ်ပြီး ပီပီပြင်ပြင် ဆောင်ရွက်သွားမယ့် ဈေးကွက်စီးပွားရေး စနစ်မျိုးကို ရည်မှန်းထားပါတယ်၊ အဲဒီလို ပြုပြင်ပြောင်းလဲပြီး ဖြစ်ထွန်းသီးပွင့်လာတဲ့ အကျိုးစီးပွားများကိုလည်း အခြေခံလူတန်းစား အောက်ခြေအဆင့်အထိ ပြည်သူတစ်ရပ်လုံးဆီကို စီးဆင်းပျံ့နှံ့ရောက်ရှိစေပြီး အသီးသီးမျှဝေခံစားနိုင်အောင် ရည်မှန်းဆောင်ရွက်သွားပါ့မယ်။ အဲဒီလို အောက်ခြေအထိ အကျိုးစီးပွားတွေ စီးဆင်းပျံ့နှံ့ခံစားနိုင်ပြီး ပြည်သူတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာအောင် ရည်မှန်းကာ လိုအပ်တဲ့ မူဝါဒတွေ၊ ဥပဒေတွေ ချမှတ် ပြဋ္ဌာန်းဆောင်ရွက်သွားမှာဖြစ်ကြောင်း"** အတိအလင်း မိန့်ကြားခဲ့လေသည်။ ဤသည်ကပင်လျှင် အစိုးရ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပတ်သက်၍ မူဝါဒဟု ခံယူမိပါသည်။

ဆက်လက်၍လည်း နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့တွင် စီးပွားရေးအကြံပေးအဖွဲ့ ဖွဲ့စည်း၍ မဟာဗျူဟာမြောက် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခဲ့ရာ ပထမဆုံးသော အသီးအပွင့်မှာ မေလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ နေပြည်တော်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲအား နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များအပါအဝင် အသိပညာရှင်၊ အတတ်ပညာရှင် ပေါင်းစုံဖြင့် လွတ်လပ်ပွင့်လင်းစွာ၊ ရင်းနှီးနွေးထွေးစွာ အောင်အောင်မြင်မြင်ဖြင့် ကျင်းပနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ဆွေးနွေးပွဲ၏ ရလဒ်ကား ဆင်းရဲနွမ်းပါးမှုလျှော့ချစေရေးအတွက် လုပ်ငန်းအစီအစဉ်များရေးဆွဲ၍ နည်းဗျူဟာမြောက် အကောင်အထည်ဖော်ဆောင်ရွက်ရန်ပင်ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှုကို လူတစ်ဦး သို့မဟုတ် အိမ်ထောင်တစ်ခု၏ စားဝတ်နေရေးအခြေခံလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ မရှိဟူသော ငွေကြေးဖြင့်လည်းကောင်း၊ အခြေခံလိုအပ်သည့် ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ (ဥပမာ-အစားအသောက်၊ အစားအစာ၊ နေအိမ်အမိုးအကာ၊ အဝတ်အထည်၊ သောက်သုံးရေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးစသည်တို့ လုံလောက်မှုရှိ မရှိ)ဖြင့်လည်းကောင်း တိုင်းတာနိုင်သည်ဟု ဆိုပါသည်။

မိမိတို့နိုင်ငံမှာမူ သဘာဝသယံဇာတအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံဖြစ်ပြီး နိုင်ငံ၏စိုက်ပျိုးရေး၊ စားသောက်ကုန်ထုတ်လုပ်ရေး၊ ရေလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း အစရှိသည့် စား၊ ဝတ်၊ နေမှုကို ပြည့်စုံလုံလောက်အောင် ဖန်တီးပေးစွမ်းနိုင်သည့် အလားအလာကောင်းများ ရှိပြီးဖြစ်ရာ မှန်ကန်သည့် မူဝါဒ၊ ကောင်းမွန်သည့် မဟာဗျူဟာတို့အပေါ် ထိရောက်သည့် နည်းဗျူဟာ အစီအမံများဖြင့် လက်တွေ့ကျကျ ပြည်သူအားလုံး အင်တိုက်အားတိုက်၊ တက်ညီလက်ညီအကောင်အထည်ဖော်မည်ဆိုပါက ဆင်းရဲနွမ်းပါးမှု လျှော့ချရေးသည် အနီးကလေးမှာ ခရီးမဝေးပါဟု ယုံကြည်မျှော်လင့်မိပါသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချပြီး လူတန်းစား ဆူကြုံနိမ့်မြင့်ကွာဟမှု ကျဉ်းမြောင်းလာသည်နှင့်အမျှ ကျေးလက်မြို့ပြ၊ တောင်ပေါ်မြေပြန့် လူနေမှုကွာခြားမှုမရှိတော့ဘဲ တစ်မိသားစုမှအစပြုကာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ စားဝတ်နေမှု ပြေလည်သော၊ လူတန်းစေ့သော၊ ခေတ်နှင့်အညီ နေထိုင်စားသောက်နိုင်သော ပြည်သူပြည်သားများဖြစ်လာပေမည်။ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံဝန်ထမ်းများအပါအဝင် ပြည်သူတစ်ရပ်လုံး မတောင့်မတ၊ မကြောင့်မကြ ပျော်ရွှင်စရာဘဝကို ဖန်တီးပေးနိုင်သည့် အခွင့်အလမ်းကောင်းတို့ မြင်တွေ့နေရပြီဖြစ်ပါသည်။ လက်ဆုပ်လက်ကိုင် ပိုင်ဆိုင်ရန်မှာမူ မိမိဖြတ်သန်းရာကဏ္ဍအလိုက် ပေးရာတာဝန်၊ ကျရာတာဝန်ကို စေတနာအရင်းခံ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ရန်သာဟုပင် တိုက်တွန်းလိုပါသည်။

ဤနေရာတွင် ပညာရှင်များ၏ သုံးသပ်ဆွေးနွေးမှုများမှ အချို့ကို ကောက်နုတ်တင်ပြလိုပါသည်။ ဆင်းရဲနွမ်းပါးမှု၏ သဘောသဘာဝနှင့် အကြောင်းအရင်း (၅) ချက် ရှိသည်ဟုဆိုပါသည်။ ပထမအချက်မှာ သယံဇာတနည်းပါးသောဒေသ၊ ဝေးလံ သို့မဟုတ် ပဋိပက္ခရှိရာဒေသတွင် နေထိုင်ကြရခြင်းတို့ကြောင့် ပိုင်ဆိုင်မှုနှင့် လူ့စွမ်းဆောင်ရည် ချို့တဲ့ခြင်းဟုဖော်ပြထား၏။ သယံဇာတပေါကြွယ်ဝသည့် တောင်ပေါ်မြေပြန့်၊ အညာအကြေ၊ ကုန်းလမ်းရေလမ်း၊ လေလမ်းစသည်ဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေသည့် ယနေ့ခေတ်၊ နေရာဒေသမရွေး ပညာရှာမှီးနိုင်စေရန် မြန်ပြည်အနှံ့ တည်ဆောက်ထားသည့် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံနှင့် ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်နေပြီဖြစ်သည့် ပညာရေးစနစ်တို့ကြောင့် အဆိုပါ အကြောင်းတရားမှာ မိမိတို့အတွက် ခေါင်းစားစရာမလိုသော အခက်အခဲသာ ဖြစ်ပါသည်။

ဒုတိယအချက်မှာ အသက်အရွယ်၊ လုပ်ငန်းခွင်အခြေအနေ၊ ကျန်းမာရေးမကောင်းခြင်းဟု ဆိုပါသည်။ လူဦးရေကန့်သတ်မထားသော မိမိတို့တိုင်းပြည်သည် မိသားစုအလိုက် ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် မျှတမှုရှိသည်ဟု ဆိုရပါမည်။ ထို့အပြင် မိမိတို့၏ အဖိုးမဖြတ်နိုင်သော ရေခံမြေခံကောင်းနှင့် ပွင့်လင်းလွတ်လပ်လာသော ဈေးကွက်စီးပွားရေး ရေစီးကြောင်းဝယ် အလုပ်အကိုင်အခွင့်အလမ်းတို့ကလည်း မိမိတို့စွမ်းဆောင်ရည်နှင့် လိုက်ဖက်သင့်လျော်မည့် လုပ်ငန်းအရပ်ရပ်ကို ဖန်တီးပေးနေပါ၏။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ဦးတည်ချက်ထားပြီး ဆောင်ရွက်နေသည့် လက်တွေ့ဘဝနှင့်နီးစပ်ပြီး ပြည်သူလူထုအတွက် ထိရောက်သော အစီအမံများ ဖြစ်ရလေအောင် လိုအပ်သလို ပြုပြင်ပြောင်းလဲဆောင်ရွက်နေသည့် ကျန်းမာရေးအစီအမံများကြောင့်လည်း ကျန်းမာရေးသည် ပူစရာမလိုသော ကိစ္စရပ်ပင်ဖြစ်လေရာ အဆိုပါ ကန့်သတ်ချက်သည်လည်း မိမိတို့လက်မှိုင်ချ ဖြေရှင်းမရသည့် အနှောင့်အယှက်တစ်ရပ် မဟုတ်ပါချေ။

တတိယအချက်ကား စီးပွားရေးတုံ့ဆိုင်းမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းဟု ပါရှိပါသည်။ အစိုးရမှချုပ်ကိုင်မှု နည်းနိုင်သမျှနည်းအောင် စီမံဆောင်ရွက်မည့် ဈေးကွက်စီးပွားရေးစနစ်၊ မှန်ကန်သည့် နိုင်ငံခြားရေးမူဝါဒကြောင့် အိမ်နီးချင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ဆက်ဆံမှုရရှိနေသည့် အခြေအနေ၊ လိုအပ်သလို အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီး ထိန်းကျောင်းပေးသွားမည့် အစိုးရ၏ မူဝါဒတို့ကြောင့် ဤအချက်သည်လည်း ခေါင်းခဲစရာပြဿနာ မဟုတ်ဟု ထင်မြင်မိပါသည်။

စတုတ္ထအချက်မှာ အမျိုးသမီးဖြစ်ခြင်း၊ တိုင်းရင်းသားလူနည်းစုဖြစ်ခြင်းနှင့် မသန်စွမ်းခြင်းဟု ပြောပါသည်။ ကျွန်တော်တို့နိုင်ငံတွင် အမျိုးသမီး၊ အမျိုးသားဟူ၍ ကွာဟချက်ကြီးမားနေခြင်း၊ ကန့်သတ်ချက်ဖြင့် ခြားနားထားခြင်းမရှိပါ။ ကျားမမဟူ သာတူညီမျှ အခွင့်အလမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)ပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် အတိအလင်း ပြဋ္ဌာန်းပေးထားပါ၏။ တိုင်းရင်းသားကိစ္စနှင့်ပတ်သက်၍လည်း မည်မျှအထိ အရေးထားဆောင်ရွက်နေသည်ကို ပြည်နယ်များ အမည်သတ်မှတ်ရာတွင်ကြည့်လျှင်ပင် အထင်အရှား တွေ့မြင်နိုင်ပါသည်။ ကမ္ဘာတွင် တိုင်းရင်းသားအမည်ကို အစွဲပြု၍ခေါ်ဆိုသော ဒေသ၊ သတ်မှတ်သောပြည်နယ် မည်သည့်နိုင်ငံတွင် ရှိပါသနည်း။ ကျွန်တော်တို့နိုင်ငံတွင် တိုင်းရင်းသားအများစုနေထိုင်မှုနှင့် သမိုင်းကြောင်းကို အခြေခံ၍ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ ပြည်နယ်များ သတ်မှတ်ပေးထားပါသည်။ တိုင်းရင်းသားတို့၏ အရေးကိစ္စရပ်များကို ပီပြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနတစ်ခု သီးခြားဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ မသန်မစွမ်းသူများအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူကာ သင့်လျော်သည့် အစီအမံအရပ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ သာဓကဆိုရလျှင် သန်စွမ်းသူများပင် အောင်မြင်မှုမရရှိသည့် အားကစားကဏ္ဍတွင် မသန်စွမ်းလူငယ်မောင်မယ်တို့က နိုင်ငံတကာသို့ သွားရောက်ယှဉ်ပြိုင်၍ ရရှိနေသော အောင်မြင်မှုများ၊ ပညာရေးတွင်လည်း သာမန်ထူးချွန်ကျောင်းသားနည်းတူ ဂုဏ်ထူးများဖြင့် အောင်မြင်နေသူများ၊ အိုင်တီခေတ်တွင် မျက်မမြင်သော်ငြား ကွန်ပျူတာအတတ်ပညာနှင့်ပတ်သက်၍ အများနည်းတူ တီထွင်ဖန်တီးနိုင်သူများ ရှိနေပြီဖြစ်ပါသည်။ ထိုအချက်သည်လည်း မိမိတို့နိုင်ငံအတွက် အခက်အခဲ အကျပ်အတည်းမဟုတ်ဟု ဆိုချင်ပါသည်။

နောက်ဆုံးအချက်မှာ အုပ်ချုပ်မှုအားနည်းခြင်းနှင့် အထူးအခွင့်အရေးများပေးခြင်းတို့ကြောင့် ဆင်းရဲချမ်းသာကွာဟမှု မြင့်မားခြင်းတို့ကို ရင်ဆိုင်နေကြရခြင်းဟု ဆိုပါသည်။ ဒီအချက်သည်လည်း အင်မတန် အရေးကြီးလှပါသည်။ ခေတ်အဆက်ဆက် အုပ်ချုပ်မှုအားနည်းခြင်းတို့၏ ရလဒ်ကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့ရသည်။ လက်တစ်ဆုပ်စာ လူတန်းစားတို့၏အခွင့်ထူးခံလုပ်ရပ်များကြောင့် ပြည်သူအများစုနစ်နာခဲ့ရသည်။ တိုင်းပြည်၏ အကျိုးစီးပွား အကျိုးမဲ့စွာ ဆုံးရှုံးခဲ့ရသည်။ သင်ခန်းစာဆိုသည်မှာ ယူတတ်လျှင်ရပါသည်။ အမှားကိုပြင်၍ အမှန်မြင်သည့် ခေတ်၊ အစိုးရသစ်အနေဖြင့် မူဝါဒအသစ်ဖြင့် ပြင်သင့်တာပြင်၊ ပြောင်းသင့်တာပြောင်း၊ နိုင်ငံအတွက်၊ လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့်၊ အမျိုးသားအကျိုးစီးပွားဖော်ဆောင်သည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ မြင့်မားနေသော ဆင်းရဲချမ်းသာကွာဟမှုနှုန်းထားသည် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများနှင့်အညီ တိုတောင်းသော အချိန်ကာလအတွင်း ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာမည်သာ ဖြစ်ပါသည်။ ဤအချက်သည်လည်း ဖြေရှင်းမရလောက်သည့် ခက်ခဲသော ပုစ္ဆာတစ်ပုဒ် မဟုတ်ပါချေ။

သို့ဆိုလျှင် မိမိတို့ တိုင်းပြည်အနေဖြင့် ဆင်းရဲနွမ်းပါးမှု၏ သဘောသဘာဝနှင့် အကြောင်းရင်းများကို ကောင်းကောင်းကြီး စိန်ခေါ်နိုင်သည့် အခွင့်အရေးကောင်းများ လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ထားနိုင်ပြီ ဖြစ်ပါသည်။

နိုင်ငံတော်အကြီးအကဲ သမ္မတဖြစ်သူ၏ မူဝါဒသည်လည်းကောင်း၊ နိုင်ငံတော်အဆင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှ မဟာဗျူဟာသည်လည်းကောင်း၊ လုပ်ကိုင်ဆောင်ရွက်ရမည့် နည်းဗျူဟာသည် လည်းကောင်း၊ လက်တွေ့ဘဝနှင့်ထင်ဟပ်၍ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မဖြစ်မနေ အဆောတလျင်ဆောင်ရွက်ရမည့် နည်းလမ်းကောင်းများသည် လည်းကောင်း ရှိနေပြီးဖြစ်ပါသည်။

ပါဝင်လှုပ်ရှားရမည့် ဇာတ်ဆောင်ကား ကျွန်တော်တို့ ပြည်သူပြည်သားတစ်ရပ်လုံးဖြစ်ပါ၏။ ရလဒ်ကောင်းများပေါ်ထွက်လာရေးအတွက် စီးပွားရေး ပြုပြင်ပြောင်းလဲမှုကိုပါ ဖော်ဆောင်သွားရာတွင် ဦးတည်ချက်မှန်၊ ခံယူချက်ကောင်းပြီး ယုံကြည်မှုရှိစွာဖြင့် ဆောင်ရွက်ရန်လိုအပ်သလို ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူ၊ တာဝန်ခံမှုသည်လည်း အလွန်အရေးကြီးလှသည်ကို ကျွန်တော်တို့အားလုံး မေ့မထားသင့်ပါ။

ကိုယ်တာဝန်ယူထားရသည့် အစုအဖွဲ့အလိုက် တာဝန်သိစိတ်ဖြင့် အချင်းချင်းနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ထောက်ခံအားပေးမှု၊ အားကိုးယုံကြည်မှုရှိစွာဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အမျိုးသားရေး အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင် ထမ်းရွက်ကြပါစို့။

ရွှေနိုင်ငံ၏ ရွှေလူမျိုးတို့ဘဝ ဆင်းရဲနွမ်းပါးမှုဖြင့် တိမ်သလ္လာမဖုံးရလေအောင် ဇာတိမာန်ထက်သန်စွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကိုယ်စီကိုယ်င အစွမ်းပြ အကောင်အထည်ဖော်ကြပါစို့။

မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ အကျိုးဆက်အဖြစ် ပြည့်စုံသော လူနေမှု၊ ချောင်လည်မှုဘဝ၊ ကိုယ်စီကိုယ်င လက်ဆင့်ကမ်း အမွေပေးနိုင်ရေး ကြိုးပမ်းကြပါစို့။

ဆင်းရဲနွမ်းပါးမှုဘဝမှ ကင်းဝေးရစေမည့် လုပ်ဆောင်မှုအရပ်ရပ်အား တိုင်းရင်းပီစွာ ရိုင်းပင်းညီကာဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ရင်း လှပသော အနာဂတ်ကို ထုဆစ်ပုံဖော်ကြပါစို့။ ။

မြို့တွင်း ရေထုတ်ဆောင်ရွက်

လေးမျက်နှာ ဇူလိုင် ၉

လေးမျက်နှာမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့တွင်းမှရေများ ရေစုပ်စက်ဖြင့် ရေထုတ်ဆောင်ရွက်နေမှုများကို ဇူလိုင် ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် တာဝန်ရှိသူများ ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၂၀၁၁ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါး စုံညီ စုဒ္ဒသမ အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

တကောင်းခန်းမတို့၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ဆေးယဉ်ပါးမှု ပြဿနာကို ကာကွယ်ရန်နှင့်ထိန်းချုပ်ရန် အမျိုးသား အဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ထို့ပြင် ရောဂါပိုးများ ဆေးယဉ်ပါးမှုဖြစ်ရခြင်း အကြောင်းများစွာ ရှိသည့်အနက် အခြေခံအကျဆုံး အကြောင်းမှာ ပဋိဇီဝဆေးများကိုစနစ်တကျ မသုံးခြင်းကြောင့်ဖြစ်ကြောင်း။

ဆေးယဉ်ပါးမှုပြဿနာကို နိုင်ငံတိုင်းက မကာကွယ်မထိန်းချုပ်နိုင်လျှင် နောင်တစ်ချိန်တွင် ရောဂါပိုးများ ပဋိဇီဝဆေးအားလုံးကို ယဉ်ပါးလာပြီး လွန်ခဲ့သည့် နှစ်(၇၀) မတိုင်မီ ပဋိဇီဝဆေး စတင်အသုံး မပြုနိုင်ခင်က အခြေအနေအတိုင်း ပြင်းထန်ရောဂါပိုးများကြောင့် လူသားများ အသက်ဆုံးရှုံးရမည်ဖြစ်ကြောင်း။

ပူးပေါင်းတိုက်ဖျက်

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးယဉ်ပါးမှုပြဿနာ ထိန်းချုပ်နိုင်ရေးအတွက် ၁၉၉၈ ခုနှစ် ကတည်းကပင် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် ဆေးယဉ်ပါးမှု ပြဿနာကို ရှေ့တန်းကျန်းမာရေး ပြဿနာတစ်ခုအဖြစ် သတိရှိ ကြိုးစားဖြေရှင်းကြရန် ထပ်မံတပ်လှန့် နှိုးဆော်ထားကြောင်း၊ ယခုနှစ် ၂၀၁၁ခုနှစ် ဧပြီ ၇ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်အဖြစ် ဆေးယဉ်ပါးမှုပြဿနာကို ကာကွယ်ရန်နှင့် ထိန်းချုပ်ရန် ထပ်မံတိုက်တွန်းထားကြောင်း၊ ဆောင်ပုဒ်မှာ " Combating Antimicrobian Resistance" ဆေးယဉ်ပါးမှု အန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်းတိုက်ဖျက်စို့ ဟူ၍ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် ဤဆေးယဉ်ပါးမှုပြဿနာကို ကာကွယ်ထိန်းချုပ်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များကို အကြံပြုရန်အတွက် အမျိုးသားအဆင့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ နိုင်ငံအတွက် အသုံးဝင်သော အကျိုးပြုသော လက်တွေ့ဆန်သော အကြံပြုချက်များ ထွက်ရှိလာမည်ဟု မျှော်လင့်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားခဲ့သည်။

ဝိုင်းဝန်းအကြံပြု

ထို့နောက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးမြင့်က ဆောင်ရွက်သည်။ အလုပ်ရုံဆွေးနွေးပွဲတွင်အုပ်စုအလိုက် အဖွဲ့(၄)ခုခွဲ၍ ခေါင်းစဉ်အလိုက် ဆွေးနွေးကြရာ အုပ်စုအဖွဲ့(၁)က ဆေးယဉ်ပါးမှု ပြဿနာလျော့ပါးရေးအတွက် Policy Makers များ၏ အခန်းကဏ္ဍ (Role of Policy makers, relating to reduction resistance)၊ အုပ်စုအဖွဲ့(၂)က ဆေးယဉ်ပါးမှုပြဿနာများကို စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring of antibiotic resistance)(Microbiology, Laboratory service, DOH)၊ အုပ်စုအဖွဲ့(၃)က ဆေးယဉ်ပါးမှုပြဿနာများ လျော့ပါးရေးအတွက် ဆေးပညာရှင်များ၊ ဆေးဝန်ထမ်းများ၏ အခန်းကဏ္ဍ (Role of Medical Professionals for reduction of antibiotic resistance)နှင့် အုပ်စုအဖွဲ့(၄)က ဆေးယဉ်ပါးမှု ပြဿနာများ လျှော့ချရန် ပြည်သူလူထု၏ အခန်းကဏ္ဍ (Role of Communities and other sectors for reduction of antibiotic resistance) ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး အုပ်စုအလိုက် ဆွေးနွေးချက်များကို တင်ပြကြကာ တင်ပြချက်များအပေါ် ဆွေးနွေးပွဲ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေး၍ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ဆေးယဉ်ပါးမှုပြဿနာကို ကာကွယ်ရန်နှင့် ထိန်းချုပ်ရန် အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ခွဲ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသ ဆရာတော်ကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတ ဆရာတော်ကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသ ဆရာတော်ကလည်းကောင်း ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမက အတည်ပြုချက်ရယူတော်မူပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက " ဇယန္တော ဗောဓိယာမူလေ " အစရှိ (၂)ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆို၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမ အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသည်။

အစည်းအဝေး ဒုတိယနေ့ တစ်နေ့တာ ဆွမ်းအလှူရှင်မှာ ဒေါ်စန်းစန်းဌေးနှင့် သူငယ်ချင်းများဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၉

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာခန်းမအနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ကြီးကြပ်ဆောင်ရွက်

ယနေ့နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဇူလိုင် ၁၀ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားကြည့်ရှု လေ့လာကြရာ ပြပွဲကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ရောင်းချ

ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ယနေ့ ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၀၆၀ ရောင်းချရသည်။

မဏိရတနာကျောက်စိမ်းခန်းမအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ရတနာပစ္စည်းအရောင်းဆိုင်များတွင်လည်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက စိတ်ဝင်တစား ကြည့်ရှုလေ့လာ ဝယ်ယူလျက်ရှိကြသည်။

စည်ကား

မဏိရတနာကျောက်စိမ်းခန်းမအနီးရှိ ကျောက်စိမ်းဥယျာဉ် (Jade Garden)၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိပြီး သပြေကုန်းပွဲရုံတန်း၌ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့မှ နာမည်ကြီးစားသောက်ဆိုင်များက လာရောက် ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်တန်း (Food Court) ၌လည်း ဝယ်ယူ စားသောက်ကြသည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

၂၀၁၁ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲကို ဇူလိုင် ၁၃ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဈေးအတွင်း သန့်ရှင်းရေး ဓနုဖြူ၌ ဆောင်ရွက်

ဓနုဖြူ ဇူလိုင် ၉

ဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း သား၊ ငါးတန်းများနှင့် အများသုံး သန့်စင်ခန်းများ သန့်ရှင်းမှုရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေး ဈေးဌာနစိတ်မှ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ကွင်းဆင်းစစ်ဆေး

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုဘဏ္ဍာရေးနှစ်လုပ်ငန်းဖြစ်သော တောင်မြို့ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် သိန်းနီလမ်းထောင့် ကွန်ကရစ်တံတားခင်းခြင်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ရီရီစန်းနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၇ -၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ အဂ္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈း၀၅ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ **နေပြည်တော် ရေပန်းဥယျာဉ် (တိုးချဲ့) အပန်းဖြေစခန်း**
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၅၈)
၁၂း၃၀ ၅။ Golf Magazine (TV)
၁၂း၅၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **အချစ်စစ်ပြိုင်ပွဲ** မင်းမော်ကွန်း၊ ဇေယျာ၊ ရဲမွန်၊ သက်မွန်မြင့် (ဒါရိုက်တာ-မိုးခြိမ်းညံ)
၁၄း၃၅ ၇။ သက်တံရောင်သံစဉ်
၁၄း၅၀ ၈။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ **ဘဝသစ်ရဲ့စာမျက်နှာ**
၅း၀၀ ၇။ တေးဂီတအစီအစဉ်
၅း၁၅ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၂၆)
၆း၄၀ ၁၂။ တစ်မျက်နှာ၊တစ်ကွက်စာ **မိန်းမ** သက်ဦးကို၊ စန္ဒီလတ် [ဒါရိုက်တာ-တင်မောင်အေး (တစ်ပါးသီလ)]
၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၂၆)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၃၀)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၂၂)

● ***ကျော်ဖုံးမှ***

မေးမြန်းသိရှိရသည်။ အထူးရောင်းချပွဲသို့ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ စင်ကာပူနှင့် ရုရှားနိုင်ငံတို့မှ ရတနာကုန်သည် ၄၇၄၄ ဦး တက်ရောက်ခဲ့ကြပြီး မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများကို နှစ်သက်ခုံမင်စွာ ဈေးပေးဝယ်ယူကြသည်။ ပြည်ပမှ လာရောက်သည့် ရတနာကုန်သည်များအနက် အများဆုံး တက်ရောက်သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသအပါအဝင် တရုတ်နိုင်ငံရှိ ကျောက်မျက်ရတနာကုမ္ပဏီ ၁၆၄၅ ခုမှ ရတနာကုန်သည် ၄၇၀၆ ဦး တက်ရောက်ကြသည်။ အလားတူ ပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီ ၁၀၆၄ ခုမှလည်း ရတနာကုန်သည် ၄၆၂၂ ဦး တက်ရောက်ကြရာ တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပ ရတနာကုန်သည် စုစုပေါင်းမှာ ၉၃၆၆ ဦး ဖြစ်သည်။

တာဝန်ယူဆောင်ရွက်

ဤသို့ များပြားလှစွာသော ရတနာကုန်သည်များ၏ တည်းခိုနေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ ကျောက်မျက်ရတနာများကို လွယ်လင့်တကူ ကြည့်ရှုရွေးချယ် ဝယ်ယူနိုင်ရေးတို့အတွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆပ်ကော်မတီအသီးသီးက လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပမှ ရတနာကုန်သည်များ နေပြည်တော်သို့ လာရောက်မှု အဆင်ပြေစေရန်အတွက် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၏စီစဉ်မှုဖြင့် ဇွန် ၂၉ ရက်မှ ဇူလိုင် ၁ ရက်အထိ Myanmar Airways International (MAI) လေကြောင်း လိုင်းမှ ကွမ်ကျိုး-နေပြည်တော်ခရီးစဉ် ၁၀

လက်ဝတ်ရတနာအရောင်းဆိုင်တွင်လည်း စိတ်ဝင်တစား ဝယ်ယူနေကြသည်။

ခေါက်၊ Hong Kong Airlines လေကြောင်းလိုင်းမှ ဟောင်ကောင်-နေပြည်တော် ခရီးစဉ် ငါးခေါက်နှင့် Air Macau လေကြောင်းလိုင်းမှ မကာအို-နေပြည်တော် ခရီးစဉ် နှစ်ခေါက် ပြေးဆွဲပေးခဲ့သည်။

ကွမ်ကျိုး-နေပြည်တော် ခရီးစဉ်ဖြင့် ရတနာကုန်သည် ၁၄၁၇ ဦး၊ ဟောင်ကောင်-နေပြည်တော် ခရီးစဉ်ဖြင့် ရတနာကုန်သည် ၁၂၅၁ ဦးနှင့် မကာအို-နေပြည်တော် ခရီးစဉ်ဖြင့် ရတနာကုန်သည် ၃၅၁ ဦးတို့ လိုက်ပါခဲ့ကြသည်။

ပြေးဆွဲပေး

အလားတူ ရတနာကုန်သည်များ တည်းခိုနေထိုင်ရန်အတွက် နေပြည်တော်ရှိ ဟိုတယ် ၂၆ လုံးမှ အခန်းပေါင်း ၁၆၁၂ ခန်းနှင့် လုံးချင်းအိမ် ၁၉ လုံးတို့ကို ငှားရမ်းပေးထားသည်။ ထို့အတူ ခရီးသွားလာရေး အဆင်ပြေစေရန်အတွက် ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီမှ ပါရမီ

ကျောက်စိမ်းအတွဲများအား ရတနာကုန်သည်များ ကြည့်ရှုရွေးချယ်နေစဉ်။

အငှားယာဉ်အစီး ၁၀၀ဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

ထို့အပြင် မဏိရတနာကျောက်စိမ်းခန်းမအနီးရှိ သပြေကုန်းဈေး ယာဉ်ရပ်နားကွင်းတွင်လည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့က ဦးဆောင်ကျင်းပ

လျက်ရှိသည့် နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ၌ နေပြည်တော်နှင့် ရန်ကုန်မြို့တို့မှ စားသောက်ဆိုင်ကြီးများက မြန်မာ့ရိုးရာ အစားအစာများအပါအဝင် စားသောက်ဖွယ်ရာမျိုးစုံကို ရောင်းချပေးလျက်ရှိရာ ရတနာကုန်သည်များ လွယ်လင့်တကူ ဝယ်ယူစားသုံးနေကြသည်ကို တွေ့ရသည်။

အထူးရောင်းချပွဲကြီးကို မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းမှ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ တွေ့မြင်သိရှိနိုင်ရန်အတွက် အထူးရောင်းချပွဲ မတိုင်မီ အကြိုပြင်ဆင်နေမှု၊ ဖွင့်ပွဲ အခမ်းအနားကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့မှုနှင့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ပြသရောင်းချပေးနေမှုတို့ကို ပြန်ကြားရေး ဆပ်ကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များမှ စဉ်ဆက်မပြတ် ရေးသားဖော်ပြ ထုတ်လွှင့်ပေးလျက်ရှိသည်။

ရောင်းချပေး

ဆက်သွယ်ရေး ဆပ်ကော်မတီကလည်း မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ Media Centre ကို ဖွင့်လှစ်ပေးထားပြီး ပြည်ပသို့ တိုက်ရိုက်ဆက်သွယ်နိုင်သည့် IDT ဖုန်း-အင်တာနက်၊ အီးမေးလ်နှင့် ဖက်စ်တို့ကို အလွယ်တကူအသုံးပြုနိုင်အောင် စီစဉ်ပေးထားသည်။ အလားတူ Wi-Fi Internet Access များလည်း တပ်ဆင်ပေးထားပြီး China Unicom နှင့် Viettel GSM လက်ကိုင်ဖုန်းကိုင်ဆောင် အသုံးပြုသူများအနေဖြင့် မြန်မာနိုင်ငံ GSM Network တွင် အသုံးပြုနိုင်အောင် စီစဉ်ပေးထားသည်။ GSM နှင့် CDMA လက်ကိုင်ဖုန်းများတွင် အသုံးပြုရသည့် ပြည်တွင်းပြည်ပ ခေါ်ဆိုနိုင်သော တစ်ခါသုံးကြိုတင်ငွေပေးကတ်များကိုလည်း ရောင်းချပေးလျက်ရှိသည်။

ဈေးပြိုင်စနစ်

အထူးရောင်းချပွဲကို ဇူလိုင် ၁ ရက်နေ့မှစတင်ကျင်းပခဲ့ပြီး ဇူလိုင် ၁၃ ရက်အထိ ရက်သတ္တနှစ်ပတ်မျှကြာအောင် ကျင်းပသည့် အထူးရောင်းချပွဲကြီးဖြစ်သည်။ ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၂၂၃၁၇ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၂၈၄ တွဲနှင့် ပုလဲအတွဲပေါင်း ၃၅၅ တွဲကို ပြသရောင်းချပေးလျက်ရှိသည်။ ယင်းသို့ ရောင်းချရာ၌ ပုလဲကို ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် ရောင်းချပေးခဲ့ပြီး ကျောက်မျက်ကို ဇူလိုင် ၄ ရက်တွင် ပြသရောင်းချပေးခဲ့သည်။ ပုလဲနှင့် ကျောက်မျက်တို့ကို မြန်မာ့ကျောက်မျက်ရတနာပြတိုက် ရတနာဈေးအထပ်တွင် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။ ကျောက်စိမ်းကိုမူ ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

ပုလဲရောင်းချရမှုနှင့်ပတ်သက်၍ ပုလဲဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိန်လွင်အား မေးမြန်းကြည့်ရာ "ပုလဲရောင်းချရာမှာ တင်ဒါစနစ်နဲ့ ၁၁၃ တွဲ၊ ဈေးပြိုင်စနစ်နဲ့ ၄၂ တွဲ စုစုပေါင်း ၁၅၅ တွဲ တင်ပြရောင်းချခဲ့ပါတယ်။ အဲဒီလိုရောင်းချရာမှာ တင်ဒါစနစ်နဲ့ ၂၅၁ တွဲ၊ ဈေးပြိုင်စနစ်နဲ့ ၃၇ တွဲ စုစုပေါင်း ၂၈၈ တွဲ ရောင်းချပေးနိုင်ခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၈၁ ရာခိုင်နှုန်း ရောင်းချရခြင်းဖြစ်ပါတယ်။ ရောင်းချပေးတဲ့ ပုလဲများအနက် နိုင်ငံပိုင် ပုလဲအတွဲ ၂၆၉ တွဲ ပြသခဲ့ပြီး ၂၃၅ တွဲ ရောင်းချခဲ့ရပါတယ်။ ကျန်တဲ့ပုလဲအတွဲတွေကတော့ ကုမ္ပဏီလေးခုက ပြသရောင်းချပေးတဲ့ ပုလဲတွေပါ" ဟု ရှင်းလင်းပြောကြားသည်။

ပိုမိုရောင်းချနိုင်

အလားတူ ကျောက်မျက်ရတနာများကိုလည်း တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ပြသရောင်းချပေးခဲ့ရာ ကျောက်မျက်ရတနာအတွဲပေါင်း ၃၈ တွဲ ရောင်းချပေးနိုင်ခဲ့ကြောင်း သိရှိရသည်။ နေပြည်တော်တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ၃၁ တွဲ၊ ဒုတိယအကြိမ် ကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အတွဲ ၃၀ သာ ရောင်းချနိုင်ခဲ့ရာ ယခုပြပွဲက ယခင်ကထက် ပိုမိုရောင်းချနိုင်ခြင်း ဖြစ်သည်။

ပူးပေါင်းပါဝင်

အထူးရောင်းချပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဝန်ကြီးဌာန အသီးသီးမှ တာဝန်ရှိသူများက မိမိတို့ကျရာ အခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း မေးမြန်းသိရှိရသည်။

အဆိုပါ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးဖြစ်သူ ဦးစံမျိုးက အထူးရောင်းချပွဲတွင် အသင်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဤသို့ရှင်းပြသည်။

"ပြပွဲဗဟိုကော်မတီမှာ ကျွန်တော်တို့အသင်းကဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌများ အပါအဝင် ၁၀ ဦး ပါဝင်ဆောင်ရွက်နေပြီး ဆပ်ကော်မတီအသီးသီးမှာလည်း အသင်းရဲ့ အမှုဆောင်များ ပါဝင်ဆောင်ရွက်နေပါတယ်။ ပြပွဲမတိုင်မီ ကျောက်ချိန်တွယ် စစ်ဆေးလက်ခံရာမှာ အသင်းက ဝန်ထမ်းတွေ ပါဝင်ဆောင်ရွက်ခဲ့သလို ယခုရောင်းချတဲ့နေရာမှာလည်း အစစအရာရာ အဆင်ပြေချောမွေ့အောင် ဝန်ကြီးဌာနအသီးသီးက ဝန်ထမ်းများနဲ့အတူ ပူးပေါင်းပါဝင် ဆောင်ရွက်နေပါတယ်။

ဖက်ရှင်ပြပွဲ

ဒါ့အပြင် ဖွင့်ပွဲအခမ်းအနားမှာ မြန်မာ့ကျောက်မျက် ရတနာများနဲ့ ပြုလုပ်ထားတဲ့ လက်ဝတ်ရတနာ အမျိုးမျိုးကို မြန်မာ့ယဉ်ကျေးမှုနဲ့အညီ ဝတ်ဆင်ပြသတဲ့ ဖက်ရှင်ပြပွဲနဲ့ နာမည်ကြီးတေးသံရှင်များရဲ့ ဖျော်ဖြေပွဲတွေကိုလည်း ထည့်သွင်းကျင်းပပေးခဲ့သလို အသင်းရဲ့စီစဉ်ဆောင်ရွက်မှုနဲ့ မဏိရတနာကျောက်စိမ်းခန်းမမှာ လက်ဝတ်ရတနာ အရောင်းဆိုင်နဲ့ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေကို ဖွင့်လှစ်ရောင်းချပေးနေပါတယ်"

မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း၌ကား အရည်အသွေး အရောင်အဆင်း အမျိုးစုံလှသော ကျောက်စိမ်းအတွဲများကို စနစ်တကျ ခင်းကျင်းပြသထားသည်။ ပြည်တွင်းပြည်ပမှ

ကျောက်စိမ်းအတွဲများအား ပြည်ပရတနာကုန်သည်များ ကြည့်ရှုရွေးချယ်နေစဉ်။

ရတနာကုန်သည်ပေါင်း မြောက်မြားစွာကလည်း အဆိုပါ ကျောက်စိမ်းအတွဲများ အကြားဝယ် ပျားပန်းခပ်မျှ သွားလာလှုပ်ရှား၍ မိမိတို့ ဝယ်ယူလိုသော ကျောက်စိမ်းအတွဲများကို အသေးစိတ် ကြည့်ရှုရွေးချယ်နေကြသည်ကို တွေ့ရသည်။

တွက်ခြေကိုက်

ကျောက်စိမ်းအတွဲများကို ကြည့်ရှုရွေးချယ်နေသော မန္တလေးမြို့မှ ရတနာကုန်သည်တစ်ဦးဖြစ်သူ ဦးမျိုးဝင်းသန့်အား မေးမြန်းကြည့်ရာ "ကျွန်တော်က နေပြည်တော်မှာပြတဲ့ ပြပွဲတိုင်းမှာ လာရောက်ဝယ်ယူပါတယ်။ ဒီလိုပွဲမျိုးက နိုင်ငံတော်အတွက် အကျိုးရှိရုံသာမက ရောင်းတဲ့လုပ်ငန်းရှင်ရော ဝယ်တဲ့ကုန်သည်ပါ တွက်ခြေကိုက်တဲ့ပွဲမျိုးပါ။ ခင်းကျင်းပြသတဲ့ ကျောက်အတွဲတွေ များတဲ့အတွက် ဝယ်ယူတဲ့သူက ကိုယ့်စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်သလို ရောင်းတဲ့သူအတွက်လည်း ဝယ်သူအများအပြားက အလုအယက် ဝယ်ယူကြလို့ ဈေးကောင်းရပါတယ်။ ပြည်ပကုန်သည် အထူးသဖြင့် တရုတ်ကုန်သည်တွေကြိုက်တဲ့ ကျောက်တွေပါသလို ကျွန်တော်တို့ ပြည်တွင်းကုန်သည်တွေ သဘောကျတဲ့ ကျောက်တွေကလည်း အများကြီးပါ။ ဒါကြောင့် နောက်ပွဲတွေဆိုရင်လည်း မပျက်မကွက် လာရောက်ဝယ်ယူဦးမှာပါ" ဟု ဖြေကြားသည်။

အလားတူ ပြည်တွင်းရတနာကုန်သည်တစ်ဦးဖြစ်သူ ဦးကျော်သူအောင်ကလည်း အထူးရောင်းချပွဲသို့ လာရောက်ဝယ်ယူသည့် ရတနာကုန်သည်အများစုမှာ မန္တလေးမြို့မှ လာရောက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နေပြည်တော်နှင့် သွားလာဆက်သွယ်ရသည်မှာ ပိုမိုလွယ်ကူပါကြောင်း၊ တည်းခိုနေထိုင်ရာတွင် အဆင်ပြေသကဲ့သို့ စားသောက်ရာတွင်လည်း အနီးအနားရှိ နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲတွင် စားသောက်၍ ရသည့်အတွက် ယခင်ပြပွဲများကထက် လွယ်ကူချောမွေ့ပါကြောင်း ဖြင့် ပြောကြားသည်။

မဏိရတနာကျောက်စိမ်းခန်းမရှိ ပြပွဲခန်းမတွင်လည်း ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ခန်းလုံးပြည့်မျှ။ ခန်းမကြီးဝန်းကျင်ရှိ အရောင်းဆိုင်များတွင်ကား မြန်မာ့သယံဇာတ ကျောက်မျက်ရတနာများဖြင့် လက်ရာမြောက်စွာ တန်ဆာဆင်ထားသည့် လက်ဝတ်ရတနာများနှင့် အမှတ်တရပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။ အဆိုပါ ဆိုင်များတွင်လည်း ရတနာကုန်သည်များ စိတ်ဝင်တစား ကြည့်ရှုဝယ်ယူနေသည်ကို တွေ့ရသည်။ ယင်းတို့အနက် မောင်မောင်ဆန်း ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် မဏိသျှတ္တရ နဝရတ်လက်စွပ်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်အား ရောင်းချရမှုနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ "ကျွန်တော်တို့ဆိုင်က ရန်ကုန်မြို့ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမမှာ ပြသခဲ့တဲ့ ကျောက်မျက်ရတနာ ပြပွဲတွေမှာကတည်းက အရောင်းဆိုင်ဖွင့်လှစ် ရောင်းချပေးခဲ့တာပါ။ ပြပွဲမှာ ရောင်းရတဲ့အတွက် ပြည်ပက ဝယ်ယူသူတွေနဲ့ ပိုမိုထိတွေ့ခွင့်ရပြီး ယခုဆိုရင် တရုတ် ရတနာကုန်သည်တွေက ကျွန်တော်တို့ဆိုင်ရဲ့ ဖောက်သည်တွေ ဖြစ်နေပါပြီ။ ဒါ့အပြင် မြန်မာ့ကျောက်မျက်နဲ့ ထုလုပ်တဲ့ ပန်းပုထည်တွေဟာလည်း လက်ရာ ပိုမိုအဆင့်မြင့်လာတဲ့အတွက် ပြည်ပက ပိုပြီးအကြိုက်တွေ့လာကြတာကို တွေ့ရပါတယ်"ဟု ပြောကြားသည်။ ယင်းဆိုင်တွင် မိုးကုတ်မြို့မှ ထွက်ရှိသည့် ရှားပါးကျောက်မျက်ရတနာအမျိုးပေါင်း ၅၀ ကျော်နှင့် မြန်မာ့ကျောက်စိမ်းတို့ဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများ၊ ပန်းပုထည်များကို ပြသရောင်းချပေးလျက်ရှိသည်။

ရည်ရွယ်ဆောင်ရွက်

စင်စစ်အားဖြင့် မိုးကုတ်ရတနာမြေမှ ထွက်ရှိသော မြန်မာ့ပတ္တမြားနှင့်နီလာများ၊ ဖားကန့်ရတနာမြေမှ ထွက်ရှိသော မြန်မာ့ကျောက်စိမ်းနှင့် မြန်မာ့ပင်လယ်ပြင်မှ မွေးမြူထုတ်လုပ်ရရှိသော တောင်ပင်လယ်ပုလဲ (South Sea Pearl) တို့မှာ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားပြီး လူကြိုက်များလှသည့် ရှားပါးရတနာများဖြစ်သည်။ အဆိုပါ အဖိုးအနဂ္ဃထိုက်တန်သည့် မြန်မာ့ကျောက်မျက်ရတနာများကို မြန်မာ့မြေပေါ်တွင် မြန်မာတို့ ကြိုက်နှစ်သက်သောဈေးဖြင့် ရောင်းချနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နိုင်ငံတော်က စီစဉ်ကျင်းပပေးနေခြင်းဖြစ်သည်။ အလားတူ မြန်မာနိုင်ငံအတွင်းမှာပင် မြန်မာ့ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် တိုးတက်ဖြစ်ထွန်းနေစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းလည်း ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် ရတနာပြပွဲများကို တစ်ပွဲထက်တစ်ပွဲ ပိုမိုတိုးတက်လာရေးနှင့် နိုင်ငံတကာအဆင့်မီ ပြပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ စီစဉ်ဆောင်ရွက်မှုကြောင့် ယခု ကျင်းပလျက်ရှိသည့် အထူးရောင်းချပွဲကြီးတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအများဆုံး ခင်းကျင်းပြသနိုင်ခဲ့ပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည် တစ်သောင်းခန့် လာရောက်ဝယ်ယူရာတွင်လည်း အခက်အခဲမရှိဘဲ အစစအရာရာ အဆင်ပြေချောမွေ့နေခြင်းဖြစ်သည်။ ရတနာကုန်သည်များအနေဖြင့်လည်း ပြသရောင်းချပေးသည့် ကျောက်မျက်ရတနာများအနက် မိမိတို့နှစ်သက်ရာ ကျောက်မျက်ရတနာများကို ချမ်းမြေ့ပျော်ရွှင်စွာဖြင့် စိတ်ကြိုက်ရွေးချယ်ဝယ်ယူလျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း ရေးသားလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ရတနာသုံးပါးတန်ခိုး** တရားတော် (သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၆၀)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂)
၈:၅၀	7 Diamonds Live Show (Part-7)
၉:၄၅	Sunday Talk [မောင်လူမွေး (မြန်မာမှု)၊ မျိုးမြတ်သူ]
၁၀:၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **"အာဒမ်ရယ်…ဧဝရယ်…ဒသရယ်"**
၁၀:၅၅	ဗီဒီယိုပြခန်း
၁၁:၂၀	ဈေးဝယ်လမ်းညွှန် (မဟာတော်ဝင်)
၁၁:၄၀	သဘာဝဆေးစွမ်းထက်သော မြန်မာ့တပင်တိုင်မြန်နန်း
၁၂:၀၅	Activities in the City (ပါမောက္ခ ဒေါက်တာမြသိန်းဟန် ရေးသားသည့် စာအုပ်သစ်များ မိတ်ဆက်ပွဲ)
၁၂:၂၀	လွယ်ကူသက်သာ စားစရာ ဆီးသီးယိုနှင့် သရက်အကြွပ်ယို
၁၂:၄၀	MBE ၏ လယ်ယာစိုက်ပျိုးရေး စရိတ်ပေးအပ်ပွဲ (ဒေးဒရဲမြို့)
၁:၀၀	**ရတနာသုံးပါးတန်ခိုး** တရားတော် (သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း **(အတတ်ပညာရှိတာ ကောင်းတယ်၊ အသိပညာရှိတာ ကောင်းတယ်)**
၃:၂၀	Box office of Movies (အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်)
၄:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂)
၅:၀၅	အောင်မြင်သူတို့တည်ရှိရာ… Excellent Choice
၅:၂၀	ဂဏန်းသင်္ချာပျော်စရာ
၆:၀၀	MRTV-4 သတင်း
၆:၂၀	ဂေါက်ရောဂါ (ပါမောက္ခ ဒေါက်တာချစ်စိုး)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၆၁)
၇:၂၅	ဆင်ဖြူကျွန်းမြို့ မင်္ဂလာမဟာဝိသုတာရာမ စာသင်တိုက် သံဃမဟာဘတ္တဂ္ဂ နှစ်ထပ်ဆွမ်းစားကျောင်းတော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနား
၇:၄၀	သွားမယ်စားမယ် MRA Food Court (Part-1)
၈:၀၀	MRTV-4 သတင်း
၈:၂၀	Kid's Show
၉:၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ကိုတင်လှိုင်၏ ဒုတိယတေးတွဲ)
၉:၁၅	လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၂) ပါမောက္ခ ဒေါက်တာချယ်ရီ သန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ ဂျင်နီ
၉:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃)
၁၀:၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၄၅	နေသားတကျ အရေပြားအလှ ဝက်ခြံနှင့် အရေးအကြောင်း ကင်းတဲ့ ချစ်စရာမျက်နှာ
၁၀:၅၅	ပန်းချီပြခန်း (ရိုးရိုးလေးပန်းချီပြပွဲ)
၁၁:၀၅	ယဉ်တကာ့ယဉ်
၁၁:၂၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဘုတ်ဘုတ်နှင့် တွေ့ဆုံခြင်း)
၁၁:၅၀	လက်ဝယ်ရှိသော
၁၂:၀၅	Celebrity Profile (Justin Timberlake)
၁၂:၄၅	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁:၀၅	ဇီးအိုရှာနှင့် သဘာဝအင်ကြင်းတော
၁:၁၅	မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အကြောင်း သိကောင်းစရာ
၁:၅၅	အဘိုးအဘွားများ အေးချမ်းစွာ နားခိုရာ ချမ်းမြေ့သာယာ စံတော်သာ
၂:၂၅	လှပချစ်စရာ လက်မှုအနုပညာ (Love Flower)
၂:၅၀	သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	မြန်မာ့လက်မှုပညာ (ထန်းပန်းချီ၊ ကျောက်စီပန်းချီ)
၄:၁၅	ရင်နှစ်ပန်းတို့ လန်းစေချင်
၄:၃၀	မွန်တို့မြေမှ ရှေးဟောင်း အမွေအနှစ်တို့တည်ရှိရာ
၄:၅၀	ကန္ဒရဝတီ၏ ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာဆီသို့
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၉-၇-၂၀၁၁

လောင်းလုံမြို့
၁၀ ဒသမ ၁၆ လက်မ
မုဒုံမြို့
၄ ဒသမ ၉၂ လက်မ
ထားဝယ်မြို့
၃ ဒသမ ၈၉ လက်မ
ပေါင်မြို့
၃ ဒသမ ၀၇ လက်မ
မော်လမြိုင်မြို့
၂ ဒသမ ၄၈ လက်မ

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်ပန်းဆင်နိုင်ရေး မြန်မာဂျူဒိုအားကစားမောင်မယ်များ စခန်းဝင်လေ့ကျင့်

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ကျော်မြင့်သန်း(လမ်းမတော်)

ရန်ကုန် ဇူလိုင် ၉

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လာမည့်နိုဝင်ဘာလ၌ ကျင်းပတော့မည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အားကစားမောင်မယ်များ ရွှေတံဆိပ်များဆွတ်ခူးပြီး အောင်ပန်းဆင်နိုင်ရေးအတွက် ကြိုးစားလေ့ကျင့်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည့် အားကစားများအနက် ဂျူဒိုအားကစားမောင်မယ်များ လေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ အားကစားခန်းမသို့ စာရေးသူရောက်ရှိခဲ့သည်။

အားရဖွယ်မြင်တွေ့

ခန်းမအတွင်း အပြင်းအထန်လေ့ကျင့်နေကြသည့် ဂျူဒိုအားကစားမောင်မယ်များကို အားရဖွယ်မြင်တွေ့ရသည်။ **(ယာပုံ)** လေ့ကျင့်ပြင်ဆင်နေမှုများနှင့်ပတ်သက်ပြီး နည်းပြချုပ် ဦးသန်းမောင်က "ပဏာမရွေးချယ်ထားတဲ့ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦးတို့ကို လေ့ကျင့်နေတာဖြစ်ပါတယ်။ ၂၀၁၀ခုနှစ် ဇူလိုင် ၁ ရက်မှစပြီးတစ်ပတ်ခြောက်ရက်နှုန်းနဲ့ လေ့ကျင့်နေတာဖြစ်ပါတယ်" ဟု ရှင်းပြသည်။

အပတ်စဉ် တနင်္လာနေ့မှသောကြာနေ့အထိ နံနက် ၇ နာရီမှ ၉ နာရီခွဲအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၅ နာရီခွဲအထိတစ်ကြိမ် ပုံမှန်လေ့ကျင့်ကြပြီး စနေနေ့တိုင်းတွင် နံနက် ၇ နာရီမှ စတင်ကာ သက်လုံနှင့်ကြံ့ခိုင်မှုကောင်းစေရန် အပြေးလေ့ကျင့်ကြကြောင်းသိရသည်။

ကြိုးပမ်းလေ့ကျင့်

ယခု ပဏာမရွေးချယ်ထားသူ ဂျူဒိုအားကစားမောင်မယ် ၃၂ ဦးမှာ ဝန်ကြီးဌာနပေါင်းစုံမှ ထူးချွန်သောအားကစားသမားများဖြစ်ကြသည်။ ယင်းတို့အနက် ပြီးခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ ဆုရရှိခဲ့သူများလည်း ပါဝင်သည်။

ယခုလေ့ကျင့်နေသည့် ဂျူဒိုအားကစားသမားများအနက်မှ ရွေးချယ်မှုငါးကြိမ်ပြုလုပ်ပြီး ထူးချွန်သူများအား အပြီးသတ်ရွေးချယ်ကာ ပြိုင်ပွဲဝင်စေမည်ဖြစ်သည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဂျူဒိုအားကစားသမားများ အနေဖြင့် အတန်းရှစ်တန်း၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ပြီးခဲ့သည့်နှစ်ပြိုင်ပွဲ၌ မြန်မာဂျူဒိုအားကစားအဖွဲ့ရရှိခဲ့သည့် ရွှေနှစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခုထက် ယခုနှစ်ပြိုင်ပွဲတွင် ဆုများပိုမိုရရှိရန် ကြိုးပမ်းလေ့ကျင့်နေကြပြီဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့အဆင့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်



ရန်ကုန် ဇူလိုင် ၉

(၂၆)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လက်ရွေးစင်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့သည် ၂၀၁၀ခုနှစ် ဇန်နဝါရီလမှစ၍ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်းရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ အမျိုးသား ၂၂ဦးနှင့် အမျိုးသမီး ၁၆ဦးတို့အား စခန်းသွင်း လေ့ကျင့်လျက်ရှိသည်။ (ဝဲပုံ)

ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပမည့် ကမ္ဘာ့အဆင့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသား Regu ပြိုင်ပွဲ၌ ရာဇာထွန်း၊ အောင်မျိုးဆွေ၊ စည်သူလင်း၊ သန့်ဇင်ဦးနှင့် ဇော်လတ်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အမျိုးသမီး Regu ပြိုင်ပွဲ၌ မေဇင်ဖြိုး၊ ဖြူဖြူသန်း၊ ကြူကြူသင်း၊ နန့်ယဉ်ယဉ်မြင့်နှင့် နိုင်နိုင်ဝင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အုပ်ချုပ်သူအဖြစ် ဦးသန်းလွင်၊ နည်းပြအဖြစ် ဦးသိန်းဇော်မင်းနှင့် ဒိုင်လူကြီးများအဖြစ် ဦးသိန်းထိုက်တို့ လိုက်ပါသွားကြမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ နိုင်ငံပေါင်း ၂၀မှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

KENBO Junior Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ HAN Golf Masters Pte., Ltd. နှင့် Aung Kan Bo Trading Co., Ltd. တို့က အဓိက ကူညီပံ့ပိုးပြီး Official Drinking Water အဖြစ် Imperial Jade Purified Drinking Water က ပံ့ပိုးသည့် HAN Golf Masters Junior Golf Series 2011, KENBO Junior Golf Championship ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ကို ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ် သည်။

ကျင်းပ

ပြိုင်ပွဲတွင် သက်တန်းများ အနေဖြင့် အသက်(၈)နှစ်မှ (၁၂)နှစ်၊ အသက်(၁၃) နှစ်မှ (၁၅)နှစ်၊ အသက် (၁၆)နှစ်မှ (၁၈) နှစ်နှင့် အသက် (၁၉)နှစ်မှ (၂၁)နှစ်အထိ ပြိုင်ပွဲလေးမျိုး ခွဲခြားကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပသွားမည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် မှတ်ပုံတင် သို့မဟုတ် သန်းခေါင်စာရင်း မိတ္တူယူဆောင်လာ၍ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း -၀၉-၅၁၇၇ ၉၅၆၊ ၀၉-၂၀၃၇၆၇၁၊ ၆၅၁၃၇၄နှင့် ရန်ကုန်ဂေါက်ကလပ်တို့တွင် စာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။

ပံ့ပိုးကူညီ

အဆိုပါ ပြိုင်ပွဲကို HAN Golf Masters Pte., Ltd. နှင့် Aung Kan Bo Trading Co., Ltd. တို့က အဓိက ကူညီပံ့ပိုးပြီး Co Sponsor အဖြစ် Imperial Jade Purified Drinking Water နှင့် ရန်ကုန်ဂေါက်ကလပ် တို့က ထပ်မံပံ့ပိုး ကူညီကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

INTERNATIONAL OPEN CHESS TOURNAMENT ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၉

*အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော INTERNATIONAL OPEN CHESS TOURNAMENT ပြိုင်ပွဲ၏ Round (6) ပြိုင်ပွဲယှဉ်ပြိုင်**(အပေါ်ပုံ)** အပြီးတွင် IM-Barbosa Oliver နှင့် IM-Bitoon, Richard (ဖိလစ်ပိုင်)၊ IM-မျိုးနိုင်(မြန်မာ) တို့က ခြောက်ပွဲစီ ကစား၊ ငါးမှတ်စီ ဦးဆောင်လျက်ရှိပြီး IM-Nguyen Van Huy (ဗီယက်နမ်)၊ GM- ဇော်ဝင်းလေး (မြန်မာ)၊ IM-Atanu Lahiri (အိန္ဒိယ)၊ မင်းထူး (မြန်မာ)၊ ဝင်းဇော်ထွန်း(မြန်မာ)၊ FM-Turqueza, Mari Joseph (ဖိလစ်ပိုင်)၊ IM-Dinesh Kumar Sharma (အိန္ဒိယ)တို့က ခြောက်ပွဲစီကစား၊ လေးမှတ်ခွဲစီ ရရှိထားသည်။ ပြိုင်ပွဲ၏ Round (7) ကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီမှ စတင်၍ ကျင်းပပြီး Round (8)ကို ညနေ ၄ နာရီမှစ၍ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။* ***(သတင်းစဉ်)***

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ပညာပေးဟောပြော

သုံးဆယ် ဇူလိုင် ၉

သာယာဝတီခရိုင် သာယာဝတီမြို့နယ် သုံးဆယ်မြို့ မြို့မအလယ်တန်းကျောင်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၂၇ ရက်ကကျင်းပရာ သုံးဆယ်မြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းစိုးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ဟောပြောခဲ့ပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ဒေသသောက်သုံးရေရရှိရေး အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်

ကျေးလက်ဒေသသောက်သုံးရေရရှိရေးအတွက် သာယာဝတီမြို့နယ်တွင် (၃၀-အိတ်ချ်ပီ) ဒီဇယ်အင်ဂျင်တပ်ဆင်ခြင်းကို ဇွန် ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးပြည်ကျော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စန်းဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ဝမ်းတွင်းမြို့နှင့် ကျေးလက်ဒေသများသို့ ရေစက်မောင်းနှင့်ရေပေးဝေနေမှုကို ဇွန် ၂၈ရက်ကစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ကျေးလက်ဒေသသောက်သုံးရေရရှိရေးအတွက် ရပ်စောက်မြို့နယ် ထင်းကွင်းကျေးရွာ၌ သုံးလက်မစက်ရေတွင်း တူးဖော်ခြင်းကို ဇွန် ၂၅ ရက်က အမှုဆောင် အရာရှိ ဦးအေးကို ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ် မြကန်သာပန်းခြံအတွင်း လေးလက်မစက်ရေတွင်း တူးဖော်နေမှုကို ဇွန် ၃၀ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးယဉ်မင်းဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

ဒီပဲယင်းမြို့နယ် အင်ဘုတ်အုပ်စု ကုန်းရိုးကျေးရွာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများအဖွဲ့နှင့် **Myanmar Land and Development Co.,Ltd.** မှ လှူဒါန်းသော စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေကန်ဆောက်လုပ်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးတိုးကြည်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝေလင်းရှိန်တို့ စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၉

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် အဓိကကျသည့် ငွေကြေးအရင်းအနှီးများကို စနစ်တကျ မတည်ထူထောင်ပေးနိုင်ရန် အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို လွှတ်တော်တွင် တင်ပြအတည်ပြုပြီး ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေမူကြမ်းအဆင့်ဆင့် ဆွေးနွေးညှိနှိုင်းပြီးဖြစ်ရာ ယခု အစည်းအဝေးတွင် သက်ဆိုင်ရာ နယ်ပယ်အလိုက် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးကြရန်ဖြစ်ကြောင်းဖြင့် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အစည်းအဝေး (၁/၂၀၁၁)တွင် ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ဥပဒေမူကြမ်း ပြုစုပြီးစီးမှုအခြေအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အပေါ် ရှင်းလင်းတင်ပြကာ အစည်းအဝေးတက်ရောက်လာကြသော ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းဆောင်သစ်ဖွင့်ပွဲ ညောင်လေးပင်၌ ကျင်းပ

ညောင်လေးပင် ဇူလိုင် ၉

ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာအုပ်စု ဇောဓိကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်လွှဲပြောင်းအပ်နှင်းပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးသီဟံစိုး၊ လက်ထောက်ပညာရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးရဲလွင်၊ အလှူရှင် ဦးခင်ဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်၍စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးရဲလွင်အား လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံပေ ၃၀ရှိကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် တာမွေကြီး (က-ဂ) ရပ်ကွက်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ဇွန် ၂၇ ရက်က စားသောက်ဆိုင်များအတွင်း ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး ကွင်းဆင်းဟောပြော ဆောင်ရွက်ကြစဉ်။(၀၄၄)

မျိုးဆက်ပွားကျန်းမာရေးသင်တန်း တပ်ကုန်း၌ဖွင့်

နေပြည်တော် ဇူလိုင် ၉

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် တပ်ကုန်းမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဒေါက်တာမီမီကို **(အောက်ပုံ)** က မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အခြေခံ သိမှတ်စရာများ၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆေးဝါးများရောင်းချရာတွင် သုံးစွဲသူများ သိရှိသတိပြုရမည့် အချက်များစသည်တို့ကို ဆွေးနွေးပြီး တက်ရောက်လာကြသူများ၏မေးမြန်းဆွေးနွေးချက်များကိုတာဝန်ရှိသူများက ဖြေကြားခဲ့သည်။ သင်တန်းသို့မြို့နယ်အတွင်းမှဆေးဝါးရောင်းချသူ၂၈ဦး တက်ရောက်ခဲ့ကြောင်းသိရှိရသည်။ (၀၂၁)

ရေဘေးအန္တရာယ်ကာကွယ်ရေးသရုပ်ပြ

ဇလွန် ဇူလိုင် ၉

ဟင်္သာတခရိုင် ဇလွန်မြို့ ရော်ဝတီမြစ် ရေကာတာ တာမိုင် (၂၅/၁)ရှိ ရေကင်းတဲ အမှတ်(၃)တွင် ရေဘေးအန္တရာယ်ကာကွယ်ရေးသရုပ်ပြပွဲကို ဇွန် ၂၂ ရက် နံနက် ၈နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၂၀၀ ခန့် တက်ရောက်လေ့လာကြသည်။

အခမ်းအနားတွင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလွင်က ရေဘေးကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် တာပေါ်ရေလျှံခြင်းအတွက် ကန်သင်းဆင့်ခြင်း၊ တာအိတာလျှောခြင်းအတွက် တုတ်တန်းရိုက်၊ သဲအိတ်ချကာကွယ်ခြင်း၊ ရေပေါက်ပေါက်ခြင်းအတွက် ရေခွေခွေခြင်း၊ သဲဗွက်ထခြင်းအတွက် ရေခွေဖြင့် ကျောက်စရစ်ချကာကွယ်ခြင်းလုပ်ငန်းများ သရုပ်ပြခဲ့ကြကြောင်းသိရှိရသည်။ **(အပေါ်ပုံ)**
(မြို့နယ် ပြန်/ဆက်)

မြောင်မြို့မဈေး၌ သန့်ရှင်းရေးဆောင်ရွက်

မြောင် ဇူလိုင် ၉

မြောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အမှိုက်များသိမ်းဆည်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို ဇွန် ၂၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းနှင့် ဈေးတာဝန်ခံတို့ ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ်စည်ပင်)**



ဇွန် ၁၀ ရက်က ကျောက်ကြီးမြို့တွင်းရှိ စားသောက်ကုန်ဆိုင်များတွင် သက်တမ်းကုန်၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ မရှိ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း သတင်းအတိုအထွာ

၉-၇-၂၀၁၁

ဝက်နားရွက်ပြာရောဂါကာကွယ်ရေး အသိပညာပေး

ဘားအံမြို့ လှာကဒေါင်ကျေးရွာ မွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမ၌ ဇွန် ၁၆ ရက်က ဝက်နားရွက်ပြာရောဂါကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲ ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဉာဏ်လင်းက ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူး ဒေါက်တာဒေါ်မြမြစမ်းက တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာစောဖောင်ဟိက ဇီဝလုံခြုံမှုနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း ဟောပြောခဲ့ကြပြီး တက်ရောက်လာကြသော မွေးမြူရေးသမားများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။
(မြို့နယ် မွေး/ကု)

စပေါင်းသစ်ပင်စိုက်ပျိုးပွဲ နွားထိုးကြီး၌ကျင်းပ

နွားထိုးကြီးမြို့နယ်၌ မိုးရာသီစပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက နွားထိုးကြီးမြို့နယ် အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုး၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးနော်ဆာဂူနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်းပင်နှင့် အရိပ်ရပင်စုစုပေါင်း ၁၀၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

မြစ်ကြီးနား၌ အခွန်ဆိုင်ရာပညာပေးဆွေးနွေး

မြစ်ကြီးနားမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲနှင့် ဝင်ငွေကြေညာလွှာ စုပေါင်းပေးအပ်ပွဲကို ဇွန် ၂၅ ရက်ကကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုင်းငွေအောင်က အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကုန်သည်များ၊ ရွှေလုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များ၊ စားသောက်ဆိုင်ပိုင်ရှင်များ၊ ဈေးသူ ဈေးသားများနှင့် သမဝါယမအသင်းများမှ ကိုယ်စားလှယ်များက ဝင်ငွေကြေညာလွှာစုပေါင်းပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ ***(ခရိုင် ပြန်/ဆက်)***

ရမည်းသင်းမြို့၌ စီမံကိန်းတာဝန်ပေးအပ်

ရမည်းသင်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ခုနှစ် စီမံကိန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် တာဝန်ပေးအပ်ပွဲကို ဇွန် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများအား စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ *(၀၁၁)*

သစ်ပင်စိုက်ပျိုးပွဲ ဒီပဲယင်း၌ကျင်းပ

ဒီပဲယင်းမြို့နယ် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ဒီပဲယင်းမြို့နယ် ကြခတ်ကျေးရွာအုပ်စု၊ကြခတ်အမကဝင်းအတွင်းကျင်းပရာ တက်ရောက်လာသူများက ကျွန်း၊ တမာ၊ ကုက္ကို၊ မန်ကျည်း၊ ယူကလစ်ပျိုးပင်ပေါင်း ၁၅၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

မတ္တရာမြို့နယ်ရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် မတ္တရာမြို့နယ်ရဲတပ်ဖွဲ့မိသားစု ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၂၇ ရက်က မတ္တရာမြို့နယ် ရဲတပ်ဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မတ္တရာမြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏သားသမီး ၁၀၂ ဦးတို့အတွက် ပညာသင်စရိတ်နှင့် ထောက်ပံ့ကြေးငွေကျပ် ၁၆၃၀၀၀၀ကို မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ခရိုင်ဥက္ကဋ္ဌ ဒေါ်ယဉ်မွန်ခိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဒေါ်သီတာအေးနှင့် တာဝန်ရှိသူများကပေးအပ်ကြရာ ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။
(မြို့နယ် ပြန်/ဆက်)

အင်းစိန်မြို့နယ်မဂ္ဂဇင်း ထုတ်ဝေမည်

အင်းစိန်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေလုပ်ငန်းကော်မတီမှ အင်းစိန်မြို့နယ်မဂ္ဂဇင်း ထုတ်ဝေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၆ ရက်က မြို့နယ်စာပေနှင့်စာနယ်ဇင်းရုံး၌ကျင်းပရာ အဖွဲ့နာယကများက အမှာစကားပြောကြားသည်။ အင်းစိန်မြို့နယ်မဂ္ဂဇင်းအတွက် စာမူများပေးပို့လိုပါက အဖွဲ့နာယက ဦးတင်မြင့် (ကမ္ဘောဇ-မြင့်နိုင်) အမှတ် (၈၀၀) ခ (၁၀) လမ်း မြို့သစ်(က+ခ)ရပ်ကွက် အင်းစိန်မြို့နယ်၊ အတွင်းရေးမှူး ဦးအောင်မြင့်သောင်း(အောင်မြင့်သောင်း-ဘူမိဗေဒ) အမှတ်(၅၉၉) သီတာလမ်း စခွဲငူရပ်ကွက် အင်းစိန်မြို့နယ်နှင့် အမှုဆောင်စာရင်းစစ် ဦးဝင်းမြင့်(မောင်မောင်ဝင်း မြင့်-မှုခင်း) အမှတ်(၄၈၆/ဂ) နတ်စင်လမ်းသွယ် ရွာမအနောက်ရပ်ကွက် အင်းစိန်မြို့နယ်တို့သို့ ဇူလိုင် ၃၁ ရက်နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရှိရသည်။ ***(၀၃၁)***

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ သီပေါ၌ကျင်းပ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ညွန့်လှိုင်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ *(၀၇၂)*

ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းဆောင်ရွက်မှုများ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၉

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇူလိုင် ၅ ရက် နံနက်ပိုင်းက စစ်တွေမြို့ မြို့မဈေးကြီး ဧရိယာတစ်ဝိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် တစ်လမ်းမောင်း၊ နှစ်လမ်းမောင်း စနစ်ကျင့်သုံးမှု၊ ပညာပေးဆိုင်းဘုတ်များ၊ လမ်းညွှန်သင်္ကေတဆိုင်းဘုတ်များ စိုက်ထူဆောင်ရွက်နေမှုအခြေအနေနှင့် ပညာပေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ ရှခင်းသာလမ်းရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ပို့ဆောင်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြည်နယ်ဆိပ်ကမ်းအရာရှိနှင့် Essar ကုမ္ပဏီမှ တာဝန်ရှိသူတို့က စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံပြသ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သန်လျင် အထက(၁) တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၉

သန်လျင်မြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးတင်ဝင်း **(အပေါ်ပုံ)**နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောမြဦးတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် သန်လျင်အထက(၁)မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၂ဦး၊ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၄ဦး စုစုပေါင်းဂုဏ်ထူးရှင် ၅၈ ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၄၉)**

အခွန်ပညာပေးရှင်းလင်းပွဲ တောင်ငူ၌ကျင်းပ

တောင်ငူ ဇူလိုင် ၉

တောင်ငူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အခွန်စည်းကြပ်ကောက်ခံမှု ကိစ္စရပ်များနှင့်ပတ်သက်၍ အခွန်ထမ်းပြည်သူများအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှမင်းထွန်း **(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်ငူခရိုင် အခွန်ဦးစီးဌာနမှူး ဦးခင်မောင်ညွှန့်၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဟန်မြင့်နှင့်ဒုတိယအခွန်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းတို့က ပြည်တွင်းအခွန်ဦးစီးဌာနမှ တာဝန်ယူကောက်ခံနေသော အခွန်အမျိုးအစားများ၊ ပုဂ္ဂလိက လုပ်ငန်းများနှင့် ပတ်သက်၍ အမြတ်ခွန် ဥပဒေ၊ ဝင်ငွေခွန် ဥပဒေများ အခွန်ထမ်းများထားရှိရမည့် စာရင်းဇယားများနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (၁၁၅)

ယောနယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၉

ယောနယ်အသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်မြတ် စေတီတော်ဝင်း အတွင်း ယောနယ်အသင်း(ရန်ကုန်)၏ သတ္တာဒေဝမနုဿာနံ ဓမ္မာရုံသစ်ကြီး၌ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း-၇၃၀-၂၆၃၆၆ အမှတ် ၅၂ လမ်း ၃၀၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြ ဖုန်း-၃၈၆၄၄၇ အမှတ် ၁၃၇၊ ၃၇လမ်း နှင့် အတွင်းရေးမှူး ဦးသာလှ ဖုန်း-၃၈၀၄၄၈ ဆိပ်ကမ်းသာလမ်းတို့ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လားရှိုးမြို့နယ် ဘုရားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇူလိုင်၂ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အလေးချိန်ခွင်မှန်ကန်စွာ ရောင်းချရေး မြဝတီ၌ ဟောပြောဆွေးနွေး

မြဝတီ ဇူလိုင် ၉

မြဝတီမြို့နယ် ဘုရင့်နောင်ဈေး အတွင်းရောင်းချနေသော ဈေးသည်များ အလေးချိန်ခွင် မှန်ကန်စွာရောင်းချနိုင်ရေး အတွက် ပညာပေးဟောပြောဆွေးနွေးခြင်းကို ဇွန် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးဝင်းကိုကိုနှင့် ဦးစီးအရာရှိ ဦးကျော်သူရချစ်တို့ ကြီးကြပ်လျက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မောင်းလျှင်မမူးနှင့် မူးလျှင် မမောင်းနှင့်

မန့်ဟီးရိုးမြို့၌ မူးယစ်ဆေးတိုက်ဖျက်ရေးနေ့ကျင်းပ

မူဆယ် ဇူလိုင် ၉

မူဆယ်ခရိုင် မန့်ဟီးရိုးမြို့ အထကခန်းမဆောင်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်က အမှာစကားပြောကြားပြီး စခန်းမှူး ရဲအုပ်သိန်းထွန်း၊ စာရေးဆရာ ဆန်းလင်းနှင့် ဆရာ ဆရာမများက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဆိုးကျိုးများကို ရှင်းလင်းဟောပြောကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တိရစ္ဆာန်များကျန်းမာရေး ငပုတော၌ ကွင်းဆင်းဆောင်ရွက်

ငပုတော ဇူလိုင် ၉

ငပုတောမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စုတွင် ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဇွန် ၂၈ ရက်က ပုသိမ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိမ်း ဦးဆောင်၍ ငပုတောမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမြင့်သန်းနှင့် အဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ဆွေးနွေးဟောပြော

ထို့နောက် လိပ်ချောင်းကျေးရွာအုပ်စု၊ ခရင်းဝါးချောင်းကျေးရွာအုပ်စု၊ ကြပ်ဆင်ချောင်းကျေးရွာအုပ်စုများတွင် မြို့နယ်ဦးစီးအရာရှိ ဒေါက်တာမြင့်သန်းနှင့် ဒုတိယဦးစီးမှူး ဒေါက်တာဇင်သန့်တို့က တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါအကြောင်းနှင့် ဝက်နားရွက်ပြာရောဂါအကြောင်း ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၉

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်စာစောင်များ လှူဒါန်း

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများအသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိပြီး ဇူလိုင် ၄ ရက်က အလှူရှင် စာရေးဆရာ ကောင်းသန့် (ကောင်းသန့်စာပေတိုက်) က ငွေကျပ် ၅၁ သိန်းတန်ဖိုးရှိ သုတရသ စာအုပ် ၄၆၁၀ **(အပေါ်ပုံ)**၊ ဒေါ်ခင်မေစိမ်းနှင့် ဒေါ်စိန်စိန်တို့က အလှူငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာပျိုးခင်းစာကြည့်တိုက် ကလိန်အောင်၌ဖွင့်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့နယ် ကျောက်ရှပ်ကျေးရွာ၌ ပညာပျိုးခင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၆ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ ကလိန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ရပ်မိရပ်ဖများက လှူဒါန်းငွေကျပ် ၅၀၀၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ သုတရသ စာအုပ်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက စာအုပ်မျိုးစုံ ၇၅ အုပ်ကို လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မွေးနေ့နှင့် မင်္ဂလာငွေရတုဆုတောင်း

ချစ်သောဖေဖေ၏ 10th July မွေးနေ့မင်္ဂလာရက်များ၊ နောင်နှစ်ပေါင်းများစွာ ကျန်းမာပျော်ရွှင်နိုင်ပါစေ၊ ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးသန်းဝင်းမောင်(ငြိမ်း) ဟိုတယ်/ခရီးနှင့် ချစ်မေမေဗိုလ်ကြီးဒေါ်မေသန့်ဇင်(ငြိမ်း)တို့၏ (၂၅)နှစ်မြောက် မင်္ဂလာငွေရတုမှသည် ရွှေရတု၊ စိန်ရတုများစွာ ပျော်ရွှင် လျှောက်လှမ်းနိုင်ပါစေ-

ချစ်သမီးကြီး - **ပြည့်ဖြိုးခိုင် (Air Bagan)**
ချစ်သမီးလတ် - **သဲအိစံ (Yangon Int'l Airport)**
ချစ်သမီးငယ် - **ဆုမြတ်မွန် (Final Year, L.L.M)**

အမျိုးသိစေရန်ကြေညာချက်

ဦးမာမွတ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၀/သထန(နိုင်)၀၉၀၀၈၇၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ သထုံမြို့နယ်၊အောက်ကျင်းရပ်ကွက်၊ မင်းလမ်းအကွက်အမှတ် ၅၅၊ ဦးပိုင်အမှတ် ၅၉ က ဧရိယာ ၀ဒသမ၀၃၃ဧကရှိ မြေနှင့်တိုက်ကို ဦးမာမွတ်မှ ဇနီးဖြစ်သူဒေါ်စိန်သန်းအား အမည်ခံခိုင်းလျက် အမည်ငှားစနစ်ဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေနှင့်တိုက်ကို ဦးမာမွတ်ပိုင်ဆိုင်ကြောင်းနှင့် ဇနီးဒေါ်စိန်သန်းသည် အမည်ငှားစနစ်ဖြင့် ဝယ်ယူထားသူသာဖြစ်ကြောင်း မြွက်ဟ ဒီဂရီရရှိလိုမှုနှင့် အမြဲတမ်း တားဝရမ်းရလိုမှုကို တရားရုံးများအဆင့်ဆင့်တွင် တရားစွဲဆိုအမှုဆိုင်နေပြီး အဆင့်မြင့်ဆုံးတရားရုံးမှ အပြီးသတ်ဆုံးဖြတ်ချက် မချမှတ် ရသေးသော အမှုဖြစ်ပါသည်။ သို့ဖြစ်၍ အချင်းဖြစ်မြေနှင့်တိုက်ကို မည်သူ တစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ ငှားရမ်း ခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် အများ သိစေရန် ကြေညာအပ်ပါသည်။

ဦးမာမွတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်အေး	**ဦးအောင်နိုင်(ခ)ဦးအင်ပို့**
B.Sc, H.G.P, R.L, D.B.L, D.I.L, D.M.L, D.A. Psy	**(LL.B)**
တရားလွှတ်တော်ရှေ့နေ(၃၄၅၀)၊	**တရားလွှတ်တော်ရှေ့နေ(၆၇၀၅)၊**
အမှတ်၁၅၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့	**တိုက်(ဂ)၊အခန်း ၂၃၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
ဖုန်း-၀၉-၅၀၀၆၇၆၄	**ဖုန်း-၀၉-၇၃၁၇၁၀၄၂**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မဒေါ်ခင်ဖြူ ၆/ထဝန(နိုင်)၀၀၅၇၂၄၏သမီးဖြစ်သူ မစုနန္ဒာထွန်း ၆/ထဝန(နိုင်)၀၈၆၉၀၇ ကိုင်ဆောင်သူသည် မိခင်မှ ဆိုဆုံးမ၍မရခြင်း၊ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ခင်ဖြူ ၆/ထဝန(နိုင်)၀၀၅၇၂၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အတွက် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသည်-

(က) လေယာဉ်တာယာများအတွက် Tyre Bay သံကူကွန်ကရစ်သွပ်မိုးအဆောက်အအုံ (60' x 30' x 15') — ၃၃ . ၀၀၀ သန်း
(ခ) Main Hangar Office (232'x128') & Store (250'x90') တွင် Electrical Wiring & Lighting Fitting တပ်ဆင်ခြင်း — ၄၂ . ၀၀၀ သန်း
(ဂ) မြေပြင်ဝန်ဆောင်မှုလုပ်ငန်းသုံးစက်ယန္တရားထားရန် Steel Colour သွပ်မိုး Hangar ဆောက်လုပ်ရန် (ညောင်ဦး) (60' x 60' x 20') — ၆ . ၀၀၀ သန်း
(ဃ) မြေပြင်ဝန်ဆောင်မှုလုပ်ငန်းသုံးစက်ယန္တရားထားရန် Steel Colour သွပ်မိုး Hangar ဆောက်လုပ်ရန် (ထားဝယ်) (60' x 60' x 20') — ၆ . ၀၀၀ သန်း
(င) မြေပြင်ဝန်ဆောင်မှုလုပ်ငန်းသုံးစက်ယန္တရားထားရန် Steel Colour သွပ်မိုး Hangar ဆောက်လုပ်ရန် (ကျောက်ဖြူ) (60' x 60' x 20') — ၆ . ၀၀၀ သန်း

၂။ တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များအား အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ မြန်မာ့လေကြောင်း(ရုံးချုပ်)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာများကို ၂၀၁၁ခုနှစ် ဇူလိုင် ၁၃ ရက် ညနေ ၁၆:၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်။

မြန်မာ့လေကြောင်း

ကန့်ကွက်နိုင်ပါသည်

မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိပ်ကုန်း၊ မေခလမ်း၊ အမှတ်(၉)ဟု ခေါ်တွင် သည့် ဧရိယာ(၁၃၀×၁၃၀)ပေရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်မူယာဖြူ (B/ RGN-၀၁၈၆၇၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ ၅ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက် နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, D.B.L, D.M.L, D.I.L, D.L.P, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon(IC), H.G.P, R.L, D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၂၉၄၈၆၆၊ ၂၉၄၇၆၆၊
၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄။





အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ မြရိပ်ညို ၄လမ်း၊ အမှတ် ၉၀၄၊ ၉၀၅ နေထိုင်သူ ဒေါ်တင်တင်အောင် ၁၄/ဖပန(နိုင်)၁၃၈၄၉၅၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် ၁၀၇၃/၁၀၇၇ဟု ခေါ်တွင်သော မြေအကျယ် ပေ၅၀×ပေ၆၀ မြေကွက်နှစ်ကွက်နှင့် ဒေါ်ချိုချို အမည်ပေါက် နှစ်၆၀ မြေငှားစာချုပ်မူရင်းနှင့် ဆက်စပ်အကျိုးခံစားခွင့်တို့အား အမည်ပေါက် ဒေါ်ချိုချို၏မောင်ဖြစ်သူ ဦးသောင်းရွှေမှ ၎င်းအစ်မဖြစ်သူ၏ သဘောတူညီမှုနှင့် ငွေကျပ်သိန်း ၁၉၀တိတိဖြင့် ၂၂-၂-၂၀၁၁ရက်တွင် ရောင်းချ၍ အပြီးအပိုင် ယင်းမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ လက်ရောက်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဌာနဆိုင်ရာ အသီးသီးတို့တွင် ဥပဒေနှင့်အညီ အမည်ပြောင်း လျှောက်ထားသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်လွင် (**LL. B**)
အထက်တန်းရှေ့နေ (စဉ်-၃၁၂၆၇)
မ-၂၅၂/ခ၊ လှိုင်ရတနာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်
ဖုန်း-၀၉၄၉၂၈၅၁၉၆

ရောင်းမည်

အိမ် ခြံ မြေရောင်းမည်

ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ၅၅ ပေ×၇၅ပေ နှစ်၆၀ဂရန်မြေပေါ်ရှိ 2RC တိုက်တစ်လုံး၊ ၁½BN တစ်လုံး၊ သီးသန့်မီတာ၊ ရေမီတာ၊ ဖုန်းတစ်လုံးစီပါ၊ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။

ဖုန်း- ၅၇၈၁၄၃၊ ၀၉-၅၀၈၂၁၀၂

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံ မြို့နယ်၊ အကွက်အမှတ်(၁၅၉)၊ ၈၃ လမ်း၊ ၂၁×၂၂လမ်းကြား၊ အိမ်အမှတ် (၈၆/၁၉)နေ(ဦးတင်မောင်ညွန့်)-ဒေါ် ခင်ခင်မြင့်တို့၏သားဖြစ်သူ ပြည်မြို့၊ ရုံးလမ်း၊ အမှတ်(၅၇၁)၊ ပန်းချယ်ရီ တိုက်ခန်း၊ ပထမထပ်နေ မောင်စိုး အောင် (ခ) စိုးညွှန့် ၉/မရမ(နိုင်) ၀၆၄၀၀၃သည် မိခင်ဖြစ်သူကို အကြိမ် ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါ သဖြင့် သားအဖြစ်မှစွန့်လွှတ်လိုက်ပါ သည်။ နောက်နောင်၎င်းနှင့်ပတ်သက် သည့် ကိစ္စအဝဝကို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင်-ဒေါ်ခင်ခင်မြင့်



မြဝတီရုပ်မြင်သံကြား

၁၀-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့် နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေး တေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့် နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၆။ ကာတွန်းအစီအစဉ် **ဘော့စ်ဘော ကြယ်ပွင့်များ** (အပိုင်း-၂၀)
- ၁၁း၄၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကံကောင်းခြင်း အိပ်မက်အန္တရာယ်**
- ၁၂း၃၀ ၈။ ကျန်းမာသုတ
- ၁၂း၄၀ ၉။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေး ပြယ်ပါစေ** (အပိုင်း-၈၃)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၁ ၂။ အဖွင့် နှုတ်ခွန်းဆက်စကား
- ၄း၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၇။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၄း၃၀ ၈။ လျှပ်တစ်ပြက်
- ၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆း၀၀ ၁၁။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
- ၆း၃၀ ၁၃။ ဘဝကြေးမုံ **မှသား၏အဖိုးအခ** (အပိုင်း-၂) အကယ်ဒမီခင်မို့မို့အေး၊ ဒေါ်ဒယ်ဘီနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆း၅၀ ၁၄။ ဂင်းနက်စ် ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **လမင်း နေမင်း ကြယ်တစ်စင်း** (အပိုင်း-၂၇)
- ၈း၀၀ ၁၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေး တေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၃၂)
- ၂၃။ **2011 FIFA Women's World Cup (Germany) Sweden Vs Australia (Live)**

အမည်ပြောင်း

ဦးမိုးကျော်သူ ၆/မအရ(နိုင်)၀၀၁၂၆၃၏သား မြိတ်မြို့ အထက(၁) ပဉ္စမတန်း(D) မှ မောင်ဟိန်းထက်ဇော်အား မောင်ကျော်ဆန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကျော်ဆန်း

မော်လမြိုင်ကျွန်း၌ မီးလောင်မှုဖြစ်ပွား

မော်လမြိုင်ကျွန်း ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး မော် လမြိုင်ကျွန်းမြို့ မြို့မ (၅) ရပ်ကွက် မဟာဗန္ဓုလ ၁လမ်း အမှတ်(၅) ကိုးခန်းတွဲ နေအိမ်တွင် နေထိုင် သော ဦးချစ်စိန်၏နေအိမ် ဗို့အား မြှင့်စက်မှ ဇူလိုင် ၈ ရက် ည ၈ နာရီ ၃၅ မိနစ်အချိန်က မီးစတင်လောင် ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

ဝိုင်းဝန်းငြိမ်းသတ်

အဆိုပါမီးမှာ လူနေအိမ် ကိုးခန်းလုံး ကူးစက်လောင်ကျွမ်းခဲ့ ပြီး မီးလောင်မှု ဖြစ်ပွားရာသို့ မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့မရပ်ကွက်များ မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက် ခြေနီတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ မြေအောက်ရေသို လှောင်ကန်များမှ ရေများ၊ ဒိန်းဒေါင်း ရေသယ်ယာဉ် များမှ ရေများဖြင့် အချိန်မီ ဝိုင်းဝန်း ငြိမ်းသတ်နိုင်ခဲ့၍ ည ၉ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။ (၀၆၅)

မီးဘေးရှောင် မလောင်ခင်တား

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၉

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၇) ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဘိုကလေးမြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဘိုကလေးမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့် ပစ္စည်းများကို ဥက္ကဋ္ဌ ဦးစောဝေ ဖုန်း-၅၁၀၈၇၀၅၊ ဒုတိယဥက္ကဋ္ဌများ ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၆၉၅၂၁၊ ဗိုလ်မှူးစိုးအောင်(ငြိမ်း) ဖုန်း-၅၇၀၈၂၁၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၅၀၇၉၂၀၈၊ ဦးတင်လှ ဖုန်း-၂၂၄၈၂၄၊ ဦးသိန်းညွန့် ဖုန်း-၆၈၂၈၂၂၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၀၅၈၀၆၊ အသင်းရုံး ဖုန်း-၂၁၂၅၀၈တို့နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပဋိဇီဝဆေးများကို စနစ်တကျ မသုံးခြင်းကြောင့် ရောဂါပိုးများ ဆေးယဉ်ပါးမှု ဖြစ်ပေါ်လာရ

ဆေးယဉ်ပါးမှုပြဿနာကို ကာကွယ်ရန်နှင့် ထိန်းချုပ်ရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၉

ကူးစက်ရောဂါပိုးများအား ကုသရန် ပဋိဇီဝဆေးများကို လွန်ခဲ့သည့် နှစ်ပေါင်း (၇၀)ခန့်မှ စတင် အသုံးပြုခဲ့ကြကြောင်း၊ ယင်းနှစ်များတွင် ပဋိဇီဝဆေးသစ် အများအပြားကိုလည်း စမ်းသပ်ထုတ်လုပ် အသုံးပြုခဲ့ကြကြောင်း မူလအစက အစွမ်းထက်သည့် ပဋိဇီဝဆေးများသည် အချိန်တိုအတွင်းမှာပင်လျှင် ရောဂါပိုးများက ဆေးယဉ်ပါးလာကြောင်း၊ ထိုဆေးယဉ်ပါးခြင်းသည် ဗက်တီးရီးယားပိုးသာမက တီဘီပိုး၊ Hepatitis B,C၊ HIV ကဲ့သို့သော Virus များတွင်ပါ တွေ့လာရကြောင်း။

ရောဂါပိုးများ ဆေးယဉ်ပါးမှုဖြစ်လာလျှင် နောက်ဆက်တွဲပြဿနာအများအပြားနှင့် ရင်ဆိုင်ရနိုင်ကြောင်း၊ ဆေးယဉ်ပါးပိုးသည် ပိုပြင်းကြောင်း၊ ဆေးယဉ်ပါးပိုးကြောင့်ဖြစ်သည့် ကူးစက်ရောဂါသည် အကူးမြန်ပြီး ပိုပြင်းထန်ကြောင်း၊ ထို့ကြောင့် ပိုမိုအဆင့်မြင့်သော ဆေးများကို ဈေးကြီးကြီးပေး၍ သုံးရကြောင်း၊ ရောဂါကုသချိန် ပိုမိုကြာမြင့်တတ်ကြောင်း၊ ဆေးကုသစရိတ်လည်း မြင့်တက်စေကြောင်း၊ လူနာတစ်ဦးချင်း မိသားစုတစ်ခုချင်းသာမက နိုင်ငံတော်၏ ကျန်းမာရေး အသုံးစရိတ်ကိုလည်း မြင့်တက်စေကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်နှင့်

စာမျက်နှာ ၈ ကော်လံ ၁ ✻

ရတနာကုန်သည်များဖြင့် ပြည့်လျှံနေသည့် ပြပွဲခန်းမကို ဤသို့ တွေ့ရသည်။

ကျောက်မျက်ရတနာကုန်သည်များဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည့်

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကြီး

➤ သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ရန်ကြီးအောင် ➤

နေပြည်တော် ဇူလိုင် ၉

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီးကား နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပနေပေပြီ။ တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

ပိုမိုပြသရောင်းချ

နေပြည်တော်တွင် တတိယအကြိမ်အဖြစ် ကျင်းပသည့် အဆိုပါ အထူးရောင်းချပွဲတွင် ယခင်ပြပွဲများကထက် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို ပိုမိုပြသရောင်းချပေးသည့်အတွက် ရတနာကုန်သည်များ အထူးစိတ်ဝင်တစား လာရောက်ကြခြင်းဖြစ်ကြောင်း

စာမျက်နှာ ၉ ကော်လံ ၁ ●